# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၄ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၇၅)


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပညာရေးဝန်ကြီးဌာန ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် (၆၀) ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ချီးမြှင့်ပြောကြားသည့် ဗီဒီယိုမိန့်ခွန်း

(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)



**အားလုံး မင်္ဂလာပါ။**

ယနေ့ကျင်းပတဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်နဲ့တိုင်းဒေသကြီးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနဲ့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနဲ့ တာဝန်ရှိသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

၁၉၆၄ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့တဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ဟာ ယခု ၂၀၂၄ ခုနှစ်ဆိုရင် နှစ်ပေါင်း ၆၀ ပြည့်မြောက်ခဲ့ပြီး ယခုလို နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်းဟာ ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာမှာ စီးပွားရေးပညာရှင်များဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ဒီလိုအရေးပါတဲ့ စီးပွားရေးပညာရှင်များကို

*စာမျက်နှာ ၃ ကော်လံ ၁* ❁

**ယနေ့ ဖတ်စရာ**

**သမဝါယမနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု**

ဆောင်းပါး | စာ ၁၀

**စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ (အပိုင်း-၂)**

ဆောင်းပါး | စာ ၁၆




## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❁ *ရှေ့ဖုံးမှ*

မွေးထုတ်ပေးနေတဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ နှစ် (၆၀)ပြည့်သမိုင်းကလည်း ဂုဏ်ယူစရာကောင်းပါတယ်။

ရန်ကုန်စီးပွားရေးတက္ကသိုလ် သမိုင်းအစကို ပြန်ကြည့်ရင် ၁၉၂၃-၁၉၂၄ ပညာသင်နှစ်မှာ ရန်ကုန်တက္ကသိုလ်၊ ဘောဂဗေဒဘာသာရပ်ဌာနအနေနဲ့ စတင်သန္ဓေတည်ခဲ့တာ တွေ့ရပါတယ်။ အဲဒီအချိန်က ဘောဂဗေဒပညာရပ်တစ်ခုတည်းကိုပဲ သင်ကြားပို့ချပေးခဲ့ရာကနေ ၁၉၄၀-၁၉၄၁ ပညာသင်နှစ်မှာ ဝါဏိဇ္ဇဗေဒပညာရပ်နဲ့ ၁၉၅၃ ခုနှစ်မှာ စာရင်းအင်းပညာရပ်တို့ကို တိုးချဲ့သင်ကြားပို့ချပေးနိုင်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်မှာ ဘောဂဗေဒဌာနရဲ့ နှစ်တစ်ရာခရီးကို လျှောက်လှမ်းနိုင်ခဲ့တဲ့အတွက် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့က ဘောဂဗေဒဌာနရာပြည့်ပွဲကို ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရှိရပါတယ်။

၁၉၅၅ ခုနှစ်မှာ ဝါဏိဇ္ဇဗေဒဌာန၊ ၁၉၅၆ ခုနှစ်မှာ စာရင်းအင်း ပညာဌာနတို့ကို သီးခြားဌာနကြီးများအဖြစ် ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ အဲဒီဌာနကြီး သုံးခုအပြင် စိတ်ပညာဌာန၊ နိုင်ငံရေးသိပ္ပံနဲ့ ရာဇဝင်ဌာန၊ မနုဿဗေဒနဲ့ လူမှုရေးရာဌာနတို့ကိုပေါင်းပြီး လူမှုရေးသိပ္ပံမဟာဌာန (Faculty of Social Science) အဖြစ် ၁၉၅၈ ခုနှစ်မှာ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့တာ တွေ့ရပါတယ်။ ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေအရ ၁၉၆၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ သီးခြားတက္ကသိုလ်တစ်ခုအဖြစ် **စီးပွားရေး တက္ကသိုလ် (Institute of Economics)** ဆိုတဲ့ အမည်နာမနဲ့ စတင်မွေးဖွားခဲ့ပါတယ်။ ၁၉၆၄ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့ကစတင်ပြီး ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။ စီးပွားရေးတက္ကသိုလ်ဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးပညာရပ်များ ဖြန့်ဖြူးရာတစ်ခုတည်းသော အသက်မွေးဝမ်းကျောင်းတက္ကသိုလ်အဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

၁၉၆၄ ခုနှစ်မှာတော့ အထောက်အကူပြုဌာနလေးခုဖြစ်တဲ့ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်နဲ့ သင်္ချာဌာနတို့နဲ့ ပေါင်းစပ်ဖွဲ့စည်းခဲ့တဲ့အတွက် သင်ကြားရေးဌာန ခုနစ်ခုအထိ ရှိလာခဲ့ပါတယ်။ ၁၉၆၆ ခုနှစ်မှာတော့ စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)မှာ သုတေသနနဲ့ စီမံခန့်ခွဲမှုပညာဌာနကို ဖွင့်လှစ်နိုင်ခဲ့ပြီး နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့မှာ တက္ကသိုလ်များပြင်ဆင်တဲ့ ဖွဲ့စည်းပုံအသစ်အရ ပင်မဌာနများအဖြစ် အသုံးချဘောဂဗေဒဌာန၊ ယခင် သုတေသနနဲ့ စီမံခန့်ခွဲမှုဌာနကို စီမံခန့်ခွဲမှုပညာဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၂၀ ခုနှစ်မှာ အသုံးချစာရင်းအင်းပညာဌာနတို့ကို တိုးချဲ့ဖွဲ့စည်းခဲ့တဲ့အတွက် သင်ကြားရေးဌာန စုစုပေါင်း ၁၀ ခုအထိ ရှိလာခဲ့ပါတယ်။

ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်ပြီး ၁၉၉၈ ခုနှစ် နောက်ပိုင်းမှာ မုံရွာစီးပွားရေးတက္ကသိုလ်နဲ့ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တို့ကို ဖွင့်လှစ်ခဲ့ပါတယ်။ ဒီလို စီးပွားရေးတက္ကသိုလ် သုံးခု ရှိလာတဲ့အတွက် မူလစီးပွားရေးတက္ကသိုလ်ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်ဆိုပြီး ပြောင်းလဲခေါ်ဝေါ်ခဲ့ပါတယ်။

> ❑ **နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့စီးပွားရေးပညာတွေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဖြန့်ဖြူးပေးနိုင်ဖို့ လိုပါတယ်။ ဒါ့ကြောင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်က ပညာရှင်တွေအနေနဲ့ ယခင်လုပ်သားများကောလိပ်၊ အဝေးသင်တက္ကသိုလ်နဲ့ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၊ စီမံကိန်းဦးစီးဌာန၊ စာရင်းစစ်ချုပ်ရုံး၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၊ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တို့မှာဖွင့်လှစ်တဲ့သင်တန်းတွေမှာ ဘာသာရပ်ဆိုင်ရာများ ပို့ချဆွေးနွေးပေးခြင်းတို့အပြင် ကျမ်းကြီးကြပ်ခြင်းနှင့် ကျမ်းစစ်ဆေးခြင်းတို့မှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်**

၂၀၀၀ ပြည့်နှစ်မှာတော့ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး နယ်မြေ) ကို စတင်ဖွင့်လှစ်ခဲ့ပြီး ကမာရွတ်၊ လှိုင်နဲ့ ရွာသာကြီးဆိုတဲ့ တက္ကသိုလ်နယ်မြေသုံးခုရှိလာခဲ့တာကိုလည်း တွေ့ရပါတယ်။ အဲဒီနယ်မြေတွေမှာ ဘွဲ့ကြိုသင်တန်း၊ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်သင်တန်း၊ မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းတွေကို ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိပါတယ်။ စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)၊ ဝါဏိဇ္ဇဗေဒဘွဲ့၊ စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)၊ မဟာစီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ)၊ မဟာဝါဏိဇ္ဇဗေဒဘွဲ့၊ မဟာစီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ)နဲ့ စီမံအုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာ (Diploma in Management and Administration–DMA) ကို ၁၉၆၄ ခုနှစ် မတိုင်မီကတည်းက ပေးအပ်ခဲ့တာဖြစ်ပြီး ပါရဂူဘွဲ့ (Ph.D) သင်တန်းကို ၁၉၉၈-၉၉ ပညာသင်နှစ်ကစပြီး ဖွင့်လှစ်ပေးလျက်ရှိပါတယ်။

ဒါ့အပြင် နိုင်ငံတော်မှာကျင့်သုံးနေတဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေစွာဖြစ်စေဖို့ ၂၀၀၁ ခုနှစ်မှာ စာရင်းကိုင်ပညာဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့၊ ဖွံ့ဖြိုးမှုပညာဘွဲ့၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့၊ လူဦးရေပညာဘွဲ့သင်တန်းတွေနဲ့ ၂၀၀၃ ခုနှစ်မှာ စာရင်းကိုင်ပညာမဟာဘွဲ့၊ ၂၀၀၄ ခုနှစ်မှာ လူဦးရေပညာ မဟာဘွဲ့သင်တန်းတွေကို ဖွင့်လှစ်နိုင်ခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးရည်မှန်းချက်များနဲ့ ဈေးကွက်လိုအပ်ချက်များကို အကောင်အထည်ဖော်ဖြည့်ဆည်းပေးနိုင်ဖို့ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်နဲ့ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MBA) သင်တန်းကို ၁၉၉၅ ခုနှစ်မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ယခုအခါ MBA ဘွဲ့ရ ၂၉၂၀ ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ (MPA) သင်တန်းကို ၂၀၀၀ ပြည့်နှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး MPA ဘွဲ့ရရှိသူပေါင်း ၁၆၃၁ ဦး၊ ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ (MDevS)သင်တန်းကို ၂၀၀၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး MDevS ဘွဲ့ရရှိသူပေါင်း ၉၂၄ ဦး၊ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းနဲ့ ဘဏ္ဍာရေးကဏ္ဍစနစ်တကျဖွံ့ဖြိုးတိုးတက်စေဖို့ ရည်ရွယ်ပြီး ဘဏ်လုပ်ငန်းနဲ့ ဘဏ္ဍာရေးပညာမဟာဘွဲ့ (MBF) သင်တန်းကို ၂၀၁၂ ခုနှစ်မှာ စတင်ဖွင့်လှစ်ခဲ့ပြီး MBF ဘွဲ့ရရှိသူပေါင်း ၆၃၇ ဦးကို မွေးထုတ်ပေးခဲ့တာကို သိရပါတယ်။

၂၀၁၇ ခုနှစ် နောက်ပိုင်းကစပြီး အသုံးချစာရင်းအင်းပညာမဟာဘွဲ့၊ ဈေးကွက်စီမံခန့်ခွဲမှု မဟာဘွဲ့၊ ဧည့်ဝတ်နဲ့ ခရီးသွားလာရေးစီမံခန့်ခွဲမှုမဟာဘွဲ့၊ လူမှုစီးပွားတည်တံ့ရေးတီထွင်ဖန်တီးမှုပညာ မဟာဘွဲ့နဲ့ အာမခံလုပ်ငန်းဆိုင်ရာမဟာဘွဲ့၊ အာမခံသိပ္ပံဘွဲ့ စတဲ့ဘွဲ့သင်တန်းအသီးသီးတို့ကို တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်နဲ့ ၁၉၉၈ ခုနှစ်က စတင်ပြီး တက္ကသိုလ်ဘွဲ့ရတွေအတွက် ဖွံ့ဖြိုးရေးပညာဒီပလိုမာ (Diploma in Development Studies–Dip DS)၊ ဈေးကွက်ဆိုင်ရာ စီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma in Marketing Management – PGDMM)၊ လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma in Human Resource Management – PGDHRM)၊ သုတေသနပညာဘွဲ့လွန်ဒီပလိုမာ (Postgraduate Diploma in Research Studies– PGDRS)သင်တန်းတွေကိုလည်း ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့တာကို တွေ့ရှိရပါတယ်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူတွေအတွက် စီးပွားရေးအသိအမြင်တွေ ရရှိတိုးပွားစေဖို့ရည်ရွယ်ပြီး လုပ်ငန်းသုံးစီးပွားရေးပညာ (Certificate in Business Studies–CBS) နဲ့ လုပ်ငန်းသုံး အဆင့်မြင့်စီးပွားရေးပညာ (Certificate in Advanced Business Studies– CABS) လက်မှတ်ရ သင်တန်းတွေကိုလည်း ဖွင့်လှစ်ပေးခဲ့ပါတယ်။ အဲဒီသင်တန်း အောင်မြင်ပြီးမြောက်သူများအနေနဲ့ ဆက်လက်လေ့လာသင်ယူနိုင်ဖို့ လုပ်ငန်းသုံးစီးပွားရေးပညာ ဒီပလိုမာဘွဲ့ (Diploma in Business Studies – DBS) ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်မှာ ၂၀၁၉ ခုနှစ်ကစပြီး One Campus, Two Systems အဖြစ် အဝေးသင်ဘွဲ့များ အပ်နှင်းနိုင်ဖို့ စီးပွားရေးပညာ အထူးပြု (Economics) နဲ့ စီးပွားရေးစီမံခန့်ခွဲမှု အထူးပြု (Business Management) သင်တန်းတွေကို ဖွင့်လှစ်ပို့ချပေးခဲ့ပါတယ်။

နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့စီးပွားရေးပညာတွေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဖြန့်ဖြူးပေးနိုင်ဖို့ လိုပါတယ်။ ဒါ့ကြောင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်က ပညာရှင်တွေအနေနဲ့ ယခင်လုပ်သားများကောလိပ်၊ အဝေးသင်တက္ကသိုလ်နဲ့ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်၊ စီမံကိန်းဦးစီးဌာန၊ စာရင်းစစ်ချုပ်ရုံး၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)၊ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တို့မှာ ဖွင့်လှစ်တဲ့သင်တန်းတွေမှာ ဘာသာရပ်ဆိုင်ရာများ ပို့ချဆွေးနွေးပေးခြင်းတို့အပြင် ကျမ်းကြီးကြပ်ခြင်းနှင့် ကျမ်းစစ်ဆေးခြင်းတို့မှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ချမှတ်ထားတဲ့ စီးပွားရေးဦးတည်ချက်များနဲ့အညီ နိုင်ငံတော်ရဲ့ စီးပွားရေးမောင်းနှင်အား တိုးတက်လာစေဖို့ ရည်ရွယ်ပြီး MSME လုပ်ငန်းများကတစ်ဆင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်တာကြောင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်က ဦးဆောင်ပြီး ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ် ၃၉ ခုမှာ B.A (Economics) ဘွဲ့သင်တန်းများကို စတင်ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အနာဂတ်ကာလမှာ B.A(Economics) ဘွဲ့ရတွေအနေနဲ့ တတ်သိထားတဲ့ စီးပွားရေးအသိအမြင်၊ အတွေးအမြင်တွေကိုအသုံးချပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုတို့ကို ဆောင်ရွက်လာနိုင်တော့မှာ ဖြစ်ပါတယ်။ *စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ရန်ကုန်စီးပွားရေးတက္ကသိုလ်ရဲ့ ၁၉၆၄ ခုနှစ်ကနေ ၂၀၂၄ ခုနှစ်အထိ နှစ်(၆၀)ခရီးကာလအတွင်းမှာ ပါရဂူဘွဲ့ရရှိသူ ၁၁၀၊ မဟာဘွဲ့ရရှိသူ ၇၅၈၇ ဦး၊ ရိုးရိုးဘွဲ့ရရှိသူ ၆၁၈၅၀၊ ဂုဏ်ထူးဘွဲ့ရရှိသူ ၁၂၁၇ ဦး၊ ဘွဲ့လွန်ဒီပလိုမာရရှိသူ ၇၇၀၈ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့တာ တွေ့ရပါတယ်။ လက်ရှိအချိန်မှာလည်း တက္ကသိုလ်အသီးသီးရဲ့ ပုံမှန်သင်တန်းတွေမှာ ကျောင်းသား ကျောင်းသူ ၄၃၅၉ ဦးနဲ့ အဝေးသင်ကျောင်းသား ကျောင်းသူ ၄၆၁၈ ဦး တက်ရောက်ပညာဆည်းပူးလျက်ရှိတာကို သိရှိရပါတယ်။

စီးပွားရေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်တဲ့ MBA ဘွဲ့ရများအနေနဲ့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းနယ်ပယ်အသီးသီးမှာ ကျွမ်းကျင်တဲ့စီးပွားရေးလုပ်ငန်းရှင်တွေ၊ စီမံခန့်ခွဲမှုပိုင်းတွင် အဆင့်မြင့်အရာထမ်းတွေအဖြစ် လုပ်ကိုင်နေကြပြီဖြစ်ပါတယ်။ MDevS ဘွဲ့ရများအနေနဲ့ အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍနဲ့ NGO/INGO အဖွဲ့အစည်းတွေမှာ အောင်မြင်စွာ လုပ်ကိုင်နေကြပါတယ်။ MBF ဘွဲ့ရတွေအနေနဲ့လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ အစိုးရနဲ့ ပုဂ္ဂလိကဘဏ်များ၊ ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများမှာ ကျွမ်းကျင်ပညာရှင်၊ စီမံခန့်ခွဲသူတွေအနေနဲ့ အဆင့်မြင့်ရာထူးတွေမှာ တာဝန်ယူနေကြတာကို တွေ့ရှိရပါတယ်။

ဒီလို စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသားကျောင်းသူတွေဟာ တိုင်းပြည်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းရည်ပြည့်ဝတဲ့ နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များအဖြစ် ကဏ္ဍပေါင်းစုံမှာ ပါဝင်ဆောင်ရွက်အကျိုးပြုနေကြတာကို တွေ့ရှိရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်။

အလားတူ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘွဲ့ရများဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ ထင်ရှားကျော်ကြားသူများအဖြစ် ပါဝင်နေတာကိုလည်း တွေ့ရပါတယ်။ စီးပွားရေးတက္ကသိုလ်ဘွဲ့ရရှိသူတွေထဲမှာ နိုင်ငံတော်သမ္မတကစပြီး ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်များ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ အကြံပေးပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များနဲ့ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များစတဲ့ နိုင်ငံတော်ရဲ့ အဆင့်မြင့်တာဝန်အသီးသီးကို ထမ်းဆောင်နေကြတာ ဂုဏ်ယူဖွယ်တွေ့မြင်ရပါတယ်။

ယခုလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခန်းကဏ္ဍကနေ တစ်တပ်တစ်အား ပါဝင်နေတဲ့ ရန်ကုန်စီးပွားရေး တက္ကသိုလ်ကြီးရဲ့ နှစ်(၆၀)ပြည့် အခမ်းအနားကို ဂုဏ်ပြုတဲ့အနေနဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ် ဖြစ်ပေါ်တိုးတက်မှုသမိုင်းမှတ်တမ်းဓာတ်ပုံပြပွဲများ၊ သုတေသနစာတမ်းဖတ်ပွဲများ၊ သုတေသနပိုစတာပြပွဲများကို ခင်းကျင်းပြသသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ခေတ်အဆက်ဆက် သင်ကြားပေးခဲ့ကြတဲ့ ဆရာကြီး၊ ဆရာမကြီးများအတွက် မြတ်ဆရာပူဇော်ပွဲကို ကျင်းပပေးပြီး အထိမ်းအမှတ်အခမ်းအနားကို ကျယ်ကျယ်ပြန့်ပြန့် ခမ်းခမ်းနားနား ဆောင်ရွက်မှာဖြစ်ကြောင်း သိရှိရပါတယ်။

သက်တမ်း နှစ်(၆၀) ပြည့်ခဲ့ပြီဖြစ်တဲ့ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကြီးအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဘက်စုံထူးချွန်တဲ့ လူတော်လူကောင်းများ ပြုစုပျိုးထောင်ပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း မိမိတို့ရဲ့ပညာရပ်ကို တန်ဖိုးထားဂုဏ်ယူတတ်တဲ့ ပညာတတ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်တဲ့ တက္ကသိုလ်ကြီးအဖြစ် နှစ်(၆၀)ပြည့်ကစပြီး ထာဝရဆက်လက်အခွန့်ရှည်တည်တံ့ခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် (၆၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာညွန့်ဖေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်တင်ထွေးတို့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်စီးပွားရေး တက္ကသိုလ် နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်စီးပွားရေး တက္ကသိုလ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗီဒီယိုမိန့်ခွန်းပေးပို့၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပညာရှင်ဆရာကြီး၊ ဆရာမကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာဆရာမများ၊ စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူဟောင်းများနှင့် ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒေါက်တာညွန့်ဖေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်တင်ထွေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် (၆၀) ပြည့် ဗီဒီယိုမိန့်ခွန်းကို ပြသသည်။ **(နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းအပြည့်အစုံကို ရှေ့ဖုံးတွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ဝမ်းမြောက်စကားပြောကြားပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၈၄ ခုနှစ် ဘွဲ့ရကျောင်းသား ကျောင်းသူများက ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် (၆၀)ပြည့် တေးသီချင်းဖြင့်လည်းကောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများက လောကအားမာန် တေးသီချင်းသရုပ်ဖော်ဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ရန်ကုန်စီးပွားရေးတက္ကသိုလ် နှစ် (၆၀) ခရီးမှတ်တိုင် Documentary video ကို ပြသပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသူများက အလှကမ္ဘာသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြကာ ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ တင်တင်ထွေးက ကြွရောက်လာသော ဧည့်သည့်တော်များအား အမှတ်တရလက်ဆောင်ပေးအပ်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ရန်ကုန်စီးပွားရေး တက္ကသိုလ် နှစ်(၆၀) ပြည့် အထိမ်းအမှတ်ဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသော လုပ်ငန်းရှင်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး ရန်ကုန်စီးပွားရေး တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာ တင်တင်ထွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ရန်ကုန်တက္ကသိုလ်နှစ် (၆၀) ပြည့် အမှတ်တရဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ) သတင်းစဉ်**

## သထုံ၌ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**သထုံ ဒီဇင်ဘာ ၁၃**

သထုံခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ယခုဘဏ္ဍာနှစ်၌ သထုံခရိုင်အတွင်း ဖွင့်လှစ်ခဲ့သည့်သင်တန်းများမှ ထူးချွန်သင်တန်းသားများအား လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ပွဲကို ယနေ့နံနက်က သထုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ကျင်းပရာ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်က အမှာစကား ပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှူး ဒေါ်အိကလျာနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များက သင်တန်းအသီးသီးမှ ထူးချွန်သင်တန်းသူ ၂၀ အား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့်ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ခရိုင် (ပြန်/ဆက်)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ညှော်ခံပွဲနှင့် ညစာစားပွဲ ကျင်းပရေးဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လွတ်လပ်ရေးနေ့ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေး ဆပ်ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (ယာပုံ)

အစည်းအဝေးသို့ လွတ်လပ်ရေးနေ့ညှော်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဆွေးနွေးတင်ပြ

အစည်းအဝေးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ညှော်ခံပွဲနှင့် ညစာစားပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းများကို လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီသို့ တင်ပြ အတည်ပြုချက် ရယူရမည့်အချက်များ၊ ဆပ်ကော်မတီအတွင်း ညှိနှိုင်းဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။



တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇေယျာသီရိခရိုင် တရားရုံးအဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြည်ထောင်စုနယ်မြေ ဇေယျာသီရိခရိုင်တရားရုံးအဆောက်အဦသစ် ဖွင့်ပွဲမင်္ဂလာအခမ်းအနား ကို ယနေ့ နံနက် ၇ နာရီခွဲတွင် ပုဗ္ဗသီရိမြို့နယ်ရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။





ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဇေယျာသီရိခရိုင်တရားရုံး အဆောက်အဦသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်တရားသူကြီးများ၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်၊ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တိုင်းဒေသကြီး တရားရေးဦးစီးမှူးတို့ တက်ရောက်ကြသည်။

အဆောက်အဦသစ်ကိုနေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထိန်လင်းဦးနှင့် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးက ဇေယျာသီရိခရိုင် တရားရုံး အဆောက်အဦသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုတရားသူကြီးချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဒုတိယမြို့တော်ဝန်နှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး အဆောက်အဦသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအား ဆက်လက်ကျင်းပရာ ဇေယျာသီရိခရိုင်တရားရုံးအဆောက်အဦသစ်ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်၏ မန်နေဂျင်းဒါရိုက်တာဦးမြတ်ကိုက အဆောက်အဦသစ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ရုံးအဆောက်အဦသစ်တည်ဆောက်မှု ဗီဒီယိုမှတ်တမ်းကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဇေယျာသီရိခရိုင် တရားရုံးအဆောက်အဦသစ်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်၏မန်နေဂျင်းဒါရိုက်တာဦးမြတ်ကိုက ဇေယျာသီရိခရိုင် တရားသူကြီးထံသို့ လွှဲပြောင်းပေးအပ်ပြီး ဇေယျာသီရိခရိုင် တရားသူကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

ဇေယျာသီရိခရိုင် တရားရုံးသည် ပုဗ္ဗသီရိမြို့နယ် ချင်းတွင်းလမ်းပေါ်တွင်တည်ရှိပြီး အလျားပေ ၂၀၀၊ အနံပေ ၁၄၀ အကျယ်အဝန်းရှိသည့် သံကူကွန်ကရစ်နှစ်ထပ် အဆောက်အဦဖြစ်ပြီး ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ဘဏ္ဍာရန်ပုံငွေကျပ် ၃၆၇၅ သန်းဖြင့် ဖွဲ့မာန်ဟုန်ကုမ္ပဏီလီမိတက်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သည့်အဖွဲ့ သတ္တမအကြိမ်မြောက် မြန်မာ-တရုတ် (ယူနန်) ပူးပေါင်းဆောင်ရွက်မှုဖိုရမ်တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၀ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ရှိ Wyndham Grand Plaza Hotel ၌ ကျင်းပသည့် သတ္တမအကြိမ်မြောက် မြန်မာ-တရုတ်(ယူနန်) ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ကြသည်။

### ပူးပေါင်းဆောင်ရွက်

ဦးစွာ ဒုတိယဝန်ကြီးသည် ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ ဟူတဖန်နှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် ဖိုရမ်၏ မျက်နှာစုံညီ



အစည်းအဝေးသို့ တက်ရောက်ကာ အဓိကအားဖြင့် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို အဆင့်မြှင့်တင်ရန်နှင့် ယူနန်ဖိုရမ်ယန္တရားအောက်တွင် မြန်မာနှင့် ယူနန်ပြည်နယ်တို့အကြား အပြန်အလှန် အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဖော်ဆောင်သွားရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ထို့ပြင် ဝန်ကြီးဌာနကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် အုပ်စုဆွေးနွေးမှုများသို့ တက်ရောက်ခဲ့ကာ မြန်မာဘက်မှ ဦးဆောင်ဆွေးနွေးသူများအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များကလည်းကောင်း၊ တရုတ်ဘက်မှ ဦးဆောင်ဆွေးနွေးသူများအဖြစ် ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဌာနနှင့် ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံးတို့မှ ကိုယ်စားလှယ်များက လည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ အုပ်စုဆွေးနွေးမှုများတွင် နှစ်နိုင်ငံ မဟာဗျူဟာမြောက် ဘက်စုံ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အကြား စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ခရီးသွားလာမှုကဏ္ဍများ မြှင့်တင်ရေး၊ ချစ်ကြည်ရေးညီအစ်မမြို့များ တည်ထောင်မှုမှတစ်ဆင့် နှစ်ဖက်ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှု တိုးမြှင့်ဖော်ဆောင်ရေး ကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြသည်။

### ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်

အဆိုပါ အုပ်စုဆွေးနွေးမှုများ အပြီးတွင် မြန်မာဘက်မှ ကိုယ်စားလှယ်ခေါင်းဆောင် ဒုတိယဝန်ကြီးနှင့် တရုတ်ဘက်မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးတို့က ဖိုရမ်ဆိုင်ရာ အစည်းအဝေးမှတ်တမ်းကို နှစ်ဖက်လက်မှတ်ရေးထိုးခဲ့ကြပြီး ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက ကူမင်းမြို့ရှိ Kunming Changshui အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင်နေပြည်တော်ရှိသက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှု အားပေးပြီး ဆုများချီးမြှင့်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် **ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ** တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ထို့နောက် **ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ** ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ မွန်ပြည်နယ်မှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ**ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(C)ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းက အမျိုးသား (-၈၁) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကချင်ပြည်နယ် အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက အမျိုးသား (-၉၀)ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသား(-၁၀၀)ကီလိုတန်းဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက အမျိုးသား(+၁၀၀) ကီလိုတန်း ဂျူဒို အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

များကိုလည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးက အမျိုးသမီး(-၆၃)ကီလိုတန်း ဂျူဒို အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးနှင့်

*စာမျက်နှာ ၇ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ ပြည်နယ်နှင့်တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲအမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး (+၇၈) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ ကရင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး(– ၇၈) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသမီး(– ၇၀) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၆ မှ*

ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမျိုးသမီး (–၇၀) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက အမျိုးသမီး (–၇၈)ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမျိုးသမီး(+၇၈) ကီလိုတန်း ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက အသင်းလိုက်ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ** ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အမျိုးသမီး မီတာ(၄၀၀)အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသားမီတာ (၄၀၀)အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က အမျိုးသမီး မီတာ (၂၀၀) တစ်ဦးချင်းလေးမျိုးကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက အမျိုးသား မီတာ(၂၀၀) တစ်ဦးချင်းလေးမျိုးကူး ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးကိုကိုကျော်က အမျိုးသမီးမီတာ(၁၀၀) ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ(၁၀၀)ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီက အမျိုးသမီး မီတာ(၁၀၀)ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ (၁၀၀) ပက်လက်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက အမျိုးသမီး မီတာ(၁၀၀)လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ(၁၀၀) လိပ်ပြာကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အမျိုးသမီး မီတာ (၁၀၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား မီတာ(၁၀၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမျိုးသမီး မီတာ ၅၀ x ၄ လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယ ဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ ၅၀x၄ လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင် ကစားသမားဟောင်း ဒေါ်မာမာမင်းက အမျိုးသားမီတာ (၁၅၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အမှုဆောင် မြန်မာ့လက်ရွေးစင် ကစားသမားဟောင်း ဦးဘုန်းမြင့်က အမျိုးသမီးမီတာ (၁၅၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးနေလင်းအောင်က အမျိုးသမီးလုံးတံပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးသက်နိုင်က အမျိုးသားမီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမျိုးသမီးမီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသမီးမီတာ(၄၀၀) လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးကိုကိုက အမျိုးသားမီတာ (၄၀၀) လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် အမျိုးသမီး မီတာ ၅၀ x ၄ လွှန်းပြန်လေးမျိုးကူးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အမျိုးသမီးမီတာ (၁၀၀) အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ကျန်ရှိသည့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားနည်းများအလိုက် ကျင်းပ၍ ဆုရရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်များအား ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ထူးအောင်က အမျိုးသားလုံးတံပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အောင်နိုင်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်တင်တင်လှိုင်က အမျိုးသားမာရသွန် အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမျိုးသမီးမာရသွန်အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသားသံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က အမျိုးသမီးအလျားခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမျိုးသမီးသံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အမျိုးသားမီတာ (၁၀၀၀၀) ပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ကျန်ရှိသည့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားနည်းများအလိုက် ကျင်းပ၍ ဆုရရှိသည့် ဝန်ကြီးဌာန ကိုယ်စားပြုပြိုင်ပွဲဝင်များအား ဆုများပေးအပ်ချီးမြှင့်ရာ ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ် ခင်မောင်အေးက အမျိုးသမီးမီတာ(၁၀၀၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်က အမျိုးသားမီတာ (၁၀၀) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသမီးမီတာ(၁၀၀)လက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အမျိုးသား အလျားခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ ဒုတိယနှင့် တတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲ** ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ လင်းအောင်က အမျိုးသား (၅၅–၆၀ ကီလိုတန်း) ဗိုဗီနမ်အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိကြသည့် မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသမီး (၅၀–၅၅ ကီလိုတန်း) ဗိုဗီနမ်အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်က အမျိုးသားနှစ်ယောက်တွဲ ဓားအတိုက်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ် အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားလက်သိုင်းအပြပြိုင်ပွဲတွင် ပထမဆုရရှိသည့်မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသား တုတ်ရှည်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီးလက်သိုင်းအပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အမျိုးသမီးနှစ်ယောက်တွဲ ဓားရှည်အပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား (၆၀–၆၅ကီလိုတန်း) ဗိုဗီနမ်အတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရခိုင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိကြသည့် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်သည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပိတ်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် တိုင်းရင်းသား တိုင်းရင်းသူများနှင့် ကျောင်းသူများ၏ ကြိုတင်လေ့ကျင့်နေမှု ကြည့်ရှုအားပေး



**နေပြည်တော် ဒီဇင်ဘာ ၁၃**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ ညနေပိုင်းတွင် နေပြည်တော် တည်းခိုရေးစခန်း (ရွာတော်) ၌ ပဉ္စမအကြိမ် အမျိုးသားအားကစား ပွဲတော် ပိတ်ပွဲအခမ်းအနားတွင် အကအလှများဖြင့် မြိုင်မြိုင် ဆိုင်ဆိုင် ပါဝင်ဆင်နွှဲ ဖျော်ဖြေ တင်ဆက်ကြမည့် တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ကျောင်းသူ များ၏ ကြိုတင်ပြင်ဆင်လေ့ကျင့် နေမှုကို ကြည့်ရှုအားပေးကြသည်။

ဦးစွာ တိုင်းရင်းသားရိုးရာ အက အလှများဖြင့် ဖျော်ဖြေတင်ဆက် ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား၊ တိုင်းရင်းသူ ၁၆၇ ဦးတို့၏ လေ့ကျင့်နေမှုကို လည်းကောင်း၊ **"ရွှေပြည်တော်သို့ တို့အတူ"** တေး သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြ မည့် အခြေခံပညာအထက်တန်း ကျောင်းများမှ ကျောင်းသူ ၃၂၀ ၏အကအလှများဖြင့် ဇာတ်တိုက် လေ့ကျင့်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။ ထိုသို့ ကြည့်ရှုအားပေးစဉ် ပြည်ထောင်စု ဝန်ကြီးက ယခုပွဲတော်ကြီးသည် မိမိတို့ နိုင်ငံအတွက် အရေးကြီး သည့် ပွဲတော်တစ်ခုဖြစ်ပြီး ဖွင့်ပွဲ အခမ်းအနားကို အောင်အောင် မြင်မြင် ခမ်းခမ်းနားနား ကျင်းပ နိုင်ခဲ့ပါကြောင်း၊ လာမည့်ပိတ်ပွဲ အခမ်းအနားကိုလည်း အားလုံး၏ စုပေါင်းပါဝင်မှုဖြင့် ခမ်းခမ်းနားနား ကျင်းပသွားမည်ဖြစ်သည့်အတွက် တိုင်းရင်းသား တိုင်းရင်းသူများ နှင့် ကျောင်းသူများအနေဖြင့် အကောင်းဆုံး ပါဝင်ဖျော်ဖြေသွား နိုင်ရန် ယခုကဲ့သို့ တက်တက် ကြွကြွ ကြိုတင်ပြင်ဆင်လေ့ကျင့် နေမှုအတွက် ကျေးဇူးတင်ရှိပါ ကြောင်း။

မိမိတို့ နိုင်ငံ၏ ကမ္ဘာ့ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင် အဖြစ် မြန်မာ့သင်္ကြန်ကို ယူနက်စကို က အတည်ပြုသတ်မှတ်ခြင်း အတွက် ဂုဏ်ပြုသည့် ဖျော်ဖြေ ရေး အစီအစဉ်ကို ပိတ်ပွဲအခမ်း အနားတွင် ထည့်သွင်းကျင်းပ သွားမည်ဖြစ်ကြောင်း၊ လေ့ကျင့် ပြင်ဆင်မှုများတွင် အခက်အခဲများ ရှိပါက အချိန်နှင့်တစ်ပြေးညီ တာဝန်ရှိသူ အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်စေလိုကြောင်း နှင့် ကျန်းမာရေးကို အထူးဂရုပြု စေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စု ဝန်ကြီးက အနုပညာဦးစီးဌာနမှ အကနည်းပြ ဆရာ ဆရာမများ၊ အခြေခံပညာ အထက်တန်း ကျောင်းများမှ ကြီးကြပ်ဆရာမ များ၊ တိုင်းရင်းသား တိုင်းရင်းသူ များနှင့် ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ် ပြီး အားပေးစကား ပြောကြားခဲ့ သည်။

**သတင်းစဉ်**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၈) သင်တန်းဆင်း

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၃**

အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံ သင်တန်းအမှတ်စဉ် (၇၈) သင်တန်းဆင်းပွဲ အခမ်း အနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေး မှူးချုပ်၊ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ တက္ကသိုလ် သင်ကြား/ စီမံဌာနများမှတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာန မှတာဝန်ရှိသူများ၊ ဖိတ်ကြားထား သော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည် ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်က နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးသည့် လူ့စွမ်းအား အရင်းအမြစ်ကောင်း များ မရှိမဖြစ်လိုအပ်သည့်အတွက် ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံ တော်အကျိုးသယ်ပိုးမည့်အနာဂတ် နိုင်ငံ့သားကောင်း ရတနာများကို ပြုစုပျိုးထောင်ပေးနေသော ဆရာ ဆရာမများကို လေ့ကျင့်သင်ကြား ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

သင်တန်းက ရရှိခဲ့သည့် သင်ခန်းစာများကို လက်တွေ့ လုပ်ငန်းခွင်အတွေ့အကြုံများနှင့် ပေါင်းစပ်၍ ကျောင်းသား၊ လူငယ် များကို နည်းမှန်လမ်းမှန် စနစ် တကျ ပျိုးထောင်နိုင်ကြပြီး ကိုယ်တိုင်လည်း နည်းပညာ အသစ်အဆန်းများကို ဆက်လက် ဆည်းပူးကြရန် မှာကြားလိုပါ ကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းသို့ ပညာ ရေးဝန်ကြီးဌာနမှ သင်တန်းသား ၇၈ ဦး၊ သင်တန်းသူ ၂၉၇ ဦး၊ စုစုပေါင်း ၃၇၅ ဦး တက်ရောက် ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၁၉) ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

အာဆီယံအသိုက်အဝန်း၂၀၂၅ ခုနှစ် အလွန် မျှော်မှန်းချက်ရေးဆွဲရေး ဆိုင်ရာ မြန်မာနိုင်ငံ၏အဆင့်မြင့် လုပ်ငန်းအဖွဲ့ ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ ဝါဝါမောင် ဦးဆောင်သော မြန်မာကိုယ်စား လှယ်အဖွဲ့သည် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ သည့် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်း ချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၉) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ခဲ့ သည်။

အစည်းအဝေးတွင် အာဆီယံ ဥက္ကဋ္ဌဖြစ်သည့် လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံနှင့် အာဆီယံအသိုက်အဝန်း မျှော်မှန်း ချက် စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်း ဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ အဆင့်မြင့် လုပ်ငန်း အဖွဲ့ခေါင်းဆောင်တို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက် ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံ များမှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ အဆင့်မြင့် ကိုယ်စားလှယ်များနှင့် တာဝန်ရှိ သူများ၊ တီမောလက်စ်တေနိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အာဆီယံ နိုင်ငံရေးနှင့် လုံခြုံရေးအသိုက် အဝန်းဆိုင်ရာ ဒုတိယအတွင်းရေး မှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း ဆိုင်ရာ မဟာဗျူဟာစီမံချက် ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံ ပေါင်းစည်းဆက်သွယ်ညှိနှိုင်းရေး ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများ မျက်နှာစုံညီအစည်းအဝေး ပြုလုပ် ခဲ့ရာ သက်ဆိုင်ရာ ကိုယ်စားလှယ် များက သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာ စီမံကိန်းများရေးဆွဲ မှု၏ တိုးတက်မှုအခြေအနေကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ထို့နောက် အာဆီယံလူငယ် အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ နှင့် မျက်နှာစုံညီအစည်းအဝေး ပြုလုပ်ခဲ့ရာ သက်ဆိုင်ရာကိုယ်စား လှယ်များက လုပ်ငန်းစဉ်များနှင့် အာဆီယံအသိုက်အဝန်း အကောင် အထည်ဖော်ခြင်းတွင် ပံ့ပိုးဆောင် ရွက်နေမှုများ၊ ဦးစားပေးလုပ်ငန်းစဉ် များနှင့် အနာဂတ်စိန်ခေါ်မှုများကို ဆွေးနွေးအကြံပြုခဲ့ကြသည်။

(၁၉) ကြိမ်မြောက် အစည်း အဝေး၌ ဒုတိယဝန်ကြီးက အာဆီယံအသိုက်အဝန်း လမ်းပြ မြေပုံ (၂၀၄၅) အား အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိ သည့် အာဆီယံပေါင်းစည်း ဆက်သွယ်ရေးနှင့် မဏ္ဍိုင် (၃)ရပ် ရှိ သက်ဆိုင်ရာ မဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲမှု များသည် ၉၅ ရာခိုင်နှုန်းခန့် ပြီးစီး တိုးတက်မှုအပေါ် ကျေနပ်အားရ မိကြောင်း၊ အာဆီယံပေါင်းစည်း ဆက်သွယ်ရေးနှင့် မဏ္ဍိုင်(၃)ရပ်ရှိ အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာ အားကောင်းစေရေးဆိုင်ရာ မဟာ ဗျူဟာ လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာမဏ္ဍိုင် များ တိုးတက်ရေးအတွက် သီးခြားမူဝါဒဆိုင်ရာ ထောက်ခံ တင်ပြမှုများ ဖော်ပြပါဝင်သင့် ကြောင်း ပြောကြားခဲ့သည်။

လာမည့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ တွင် ကျင်းပရန် စီစဉ်ထားသည့် အကြိမ် (၂၀) မြောက် အစည်း အဝေးတွင် အာဆီယံအသိုက် အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ဆိုင်ရာ အာဆီယံ မဟာဗျူဟာမြောက် လုပ်ငန်းစဉ် များကို အပြီးသတ် ဆက်လက် ရေးဆွဲသွားကြမည်ဖြစ်သည်။

ထို့အပြင် သက်ဆိုင်ရာမဏ္ဍိုင် အလိုက် မဟာဗျူဟာစီမံကိန်း များရေးဆွဲမှုများအတွက် မဟာ ဗျူဟာလုပ်ငန်းစဉ်များ မဏ္ဍိုင် များအကြား ကိုက်ညီမှုရှိစေရေး၊ မဟာဗျူဟာစီမံချက်များ ထပ်မနေ စေရေး၊ ကဏ္ဍများအကြား အချိတ် အဆက်မိရေး ကိစ္စများကို ဆက်လက်ဆွေးနွေး ဆောင်ရွက် ကြမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေး တွင် အချိန်မီ အတည်ပြုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# သမဝါယမနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု

*မောင်အောင်ဘုန်းထွဋ်၊ D-39၊ သမဝါယမကောလိပ်၊ ဖောင်ကြီး*

**သမဝါယမဆိုသည်မှာ လူစုလူဝေးများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရည်မှန်းချက်တစ်ရပ်ကို လုပ်ဆောင်နိုင်စေရန် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ ယင်းစနစ်ကို လုပ်ငန်းခွင်စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးအပိုင်းအခြားများတွင် တန်းတူထိရောက်စွာ အသုံးပြုနိုင်သည်။ သမဝါယမ၏ အဓိကရည်ရွယ်ချက်မှာ လူတစ်ဦးတည်းဖြင့် မဖြစ်နိုင်သည့်အရာများကို ပူးပေါင်းမှုအကောင်းဆုံးဖြင့် ရရှိစေခြင်းဖြစ်သည်။**

**✻ တန်းတူအခွင့်အရေးသည်လည်း သမဝါယမအဖွဲ့အစည်းအတွင်းရှိ အဖွဲ့ဝင်များသည် တန်းတူတန်းမျှ အခွင့်အရေးများရှိရမည်ဖြစ်ပြီး ဆုံးဖြတ်ချက်လက်ခံခြင်းတွင်လည်း အခွင့်အရေးတူညီစွာ ပါဝင်ရမည်ဖြစ်သည်။ အကျိုးတူအမြတ်သည် သမဝါယမ၏ရည်ရွယ်ချက်တွင် အဖွဲ့ဝင်များ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးအခြေအနေ ကောင်းမွန်လာစေရန်ဖြစ်သည်။ ကျိုးကြောင်းဆီလျော်မှုတွင်လည်း စနစ်တကျစီမံခန့်ခွဲမှုနှင့် ထိရောက်မှုရှိသော စဉ်ဆက်မပြတ်ဆောင်ရွက်မှုသည် သမဝါယမ၏ အောင်မြင်မှုတွင် အရေးကြီး**

### အကျိုးကျေးဇူးများရရှိ

"သမဝါယမ" ဆိုသော စကားသည် စန်စကရစ်ဘာသာဖြင့် "Co-operation" ဟူသော အဓိပ္ပာယ်ကို ကိုယ်စားပြုသည်။ အဖွဲ့ဝင်များသည် ပူးပေါင်းဆောင်ရွက်မှုဖြင့် ကုန်ကျစရိတ်သက်သာစေရန်၊ အကျိုးအမြတ်တူစေရန်နှင့် လူမှုဘဝအဆင့်အတန်းတိုးတက်စေရန်ရည်ရွယ်သည်။ သမဝါယမတွင် အခြေခံသဘောတရားများလည်းရှိသည်။ ၎င်းတို့မှာ ပူးပေါင်းဆောင်ရွက်မှု၊ တန်းတူအခွင့်အရေး၊ အကျိုးအမြတ်တူညီမှုနှင့် ကျိုးကြောင်းဆီလျော်မှုတို့ဖြစ်သည်။ ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ လူတစ်ဦးချင်းစီ၏ အင်အားများကို ပေါင်းစည်းကာ ပိုမိုကြီးမားသော အကျိုးကျေးဇူးများ ရရှိစေခြင်းဖြစ်သည်။

### အဖွဲ့ဝင်များသည် တန်းတူတန်းမျှ အခွင့်အရေးများရှိရမည်

တန်းတူအခွင့်အရေးသည်လည်း သမဝါယမအဖွဲ့အစည်းအတွင်းရှိ အဖွဲ့ဝင်များသည် တန်းတူတန်းမျှ အခွင့်အရေးများရှိရမည်ဖြစ်ပြီး ဆုံးဖြတ်ချက် လက်ခံခြင်းတွင်လည်း အခွင့်အရေးတူညီစွာ ပါဝင်ရမည်ဖြစ်သည်။ အကျိုးတူအမြတ်သည် သမဝါယမ၏ရည်ရွယ်ချက်တွင် အဖွဲ့ဝင်များ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးအခြေအနေ ကောင်းမွန်လာစေရန်ဖြစ်သည်။ ကျိုးကြောင်းဆီလျော်မှုတွင်လည်း စနစ်တကျစီမံခန့်ခွဲမှုနှင့် ထိရောက်မှုရှိသော စဉ်ဆက်မပြတ်ဆောင်ရွက်မှုသည် သမဝါယမ၏ အောင်မြင်မှုတွင် အရေးကြီးပါသည်။

### သမဝါယမသည် အဓိကကဏ္ဍတွင် ပါဝင်

သမဝါယမသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကဏ္ဍများတွင် ပါဝင်သည်။ အဓိကပါဝင်နိုင်သည့် ကဏ္ဍများမှာ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုလုပ်ငန်းကဏ္ဍ၊ ငွေကြေးနှင့် ဘဏ္ဍာကဏ္ဍနှင့် လူမှုဖွံ့ဖြိုးရေးကဏ္ဍတို့ဖြစ်သည်။ စီးပွားရေးကဏ္ဍအနေဖြင့် သမဝါယမသည် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရန်အတွက် အဓိကကဏ္ဍတစ်ခုဖြစ်သည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများတွင် သမဝါယမသည် ထိုလုပ်ငန်းများကို ချေးငွေပံ့ပိုးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးပေးနိုင်သည်။ လုပ်ငန်းရှင်အသစ်များ ဖွံ့ဖြိုးရန်ဂရုစိုက်ကူညီသည်။ ဈေးကွက်ဖွံ့ဖြိုးမှုတွင်လည်း သမဝါယမသည် တိုးတက်သောထုတ်ကုန်ဈေးကွက်များ ဖွင့်လှစ်ပြီး အရောင်းမြှင့်တင်မှုတွင် အရေးပါသည်။

### ဈေးကွက်ပေါင်းစည်းမှုတွင် အကျိုးအမြတ် ဖွံ့ဖြိုးစေမည်

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် သမဝါယမသည် စိုက်ပျိုးရေးလယ်သမားများအတွက် အထောက်အကူဖြစ်စေပြီး စိုက်ပျိုးရေးလုပ်ငန်းတိုးတက်မှုကို အရေးကြီးစွာ ပေးအပ်ပါသည်။ သီးနှံကုန်ကျစရိတ်လျှော့ချမှုတွင် စိုက်ပျိုးရေးသမဝါယမများက လယ်ယာပစ္စည်းများနှင့် ဂျုံဘိုပေးအပ်မှုများကို သက်သာစွာပေးနိုင်သည်။ စက်မှုလုပ်ငန်းကဏ္ဍအနေဖြင့် သမဝါယမသည် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများတွင် အဓိကပါဝင်နိုင်သည်။ လုပ်ငန်းစတင်ရန် အခက်အခဲဖြေရှင်းရာတွင် စက်မှုလက်မှု သမဝါယမအသင်းများသည် အရင်းအမြစ်တိုးတက်ရေးနှင့် ပေးအပ်မှုများအား စီမံနိုင်သည်။ ဈေးကွက်ပေါင်းစည်းမှုတွင်လည်း ထုတ်ကုန်များကို နိုင်ငံတစ်ဝန်းဈေးကွက်များတွင် ဖြန့်ဝေနိုင်ပြီး အကျိုးအမြတ် ဖွံ့ဖြိုးစေမည်ဖြစ်ပါသည်။

### အဖွဲ့ဝင်များအတွက် ချေးငွေဝန်ဆောင်မှုများပေးနိုင်

ငွေကြေးကဏ္ဍနှင့် ဘဏ္ဍာရေးကဏ္ဍများတွင် သမဝါယမသည် ငွေကြေးပုံမှန်စီးဆင်းမှုကို စနစ်တကျထိန်းချုပ်ကာ လူထုအတွက် စီးပွားရေးပေးအပ်မှုပေးနိုင်သည်။ ချေးငွေဝန်ဆောင်မှုတွင် အဖွဲ့ဝင်များအတွက် အတိုးနှုန်းသက်သာသော ချေးငွေဝန်ဆောင်မှုများပေးနိုင်သည်။ စုငွေစနစ်များဖွံ့ဖြိုးရေးတွင်လည်း အဖွဲ့ဝင်များအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ စုပေါင်းလုပ်ဆောင်နိုင်စေသည်။ လူမှုရေးကဏ္ဍတွင် သမဝါယမသည် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်ဖန်တီးမှုတွင် အရေးပါသော အခန်းကဏ္ဍတစ်ခုဖြစ်သည်။

### ပူးပေါင်းကူညီမှုကို မြှင့်တင်စေ

ပညာရေးအစီအစဉ်များနှင့် ကျန်းမာရေးဝန်ဆောင်မှုများအား လူထုအဆင့်မြှင့်တင်ရန် သက်တမ်းပြုသည်။ လူမှုဘဝတိုးတက်ရေးအတွက် အဖွဲ့ဝင်များ ပူးပေါင်းကူညီမှုကို မြှင့်တင်စေသည်။ ထို့ပြင် သမဝါယမ၌ အခက်အခဲများလည်းရှိသေးသည်။ ထိုအခက်အခဲများမှာ အကျိုးကျေးဇူးမျှတမှု မရှိလျှင် သမဝါယမ၏ထိရောက်မှုကို ထိခိုက်စေခြင်း၊ အဖွဲ့ဝင်များ ပေါင်းစည်းမှုမရှိလျှင် စနစ်တစ်ခုလုံး မအောင်မြင်ခြင်း၊ လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများ မလုံလောက်ပါက သမဝါယမ၏ ရည်မှန်းချက်များ အောင်မြင်ရန်ခက်ခဲစေခြင်းတို့ဖြစ်သည်။

ထိုသို့ အခက်အခဲများအပြင် အကျိုးကျေးဇူးများလည်းရှိသေးသည်။ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုများအား တိုးတက်စေခြင်း၊ အလုပ်အကိုင်ဖန်တီးမှုနှင့် ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးများကို အထောက်အကူပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုများအား တိုးတက်စေပြီး နိုင်ငံတစ်နိုင်ငံ၏ အခြေခံအဆောက်အအုံဖွံ့ဖြိုးမှုများကို ပေးအပ်ခြင်းတို့ဖြစ်သည်။

သမဝါယမသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကဏ္ဍများဖြစ်သည့် စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ ငွေကြေးစနစ်နှင့် လူမှုဖွံ့ဖြိုးရေးတို့တွင် များစွာပါဝင်လျက်ရှိသည်။ သမဝါယမစနစ်ကို ပိုမိုထိရောက်စွာ အသုံးချနိုင်ပါက နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ ။

---

# လှည်းကူးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ဒီဇင်ဘာ ၁၁ ရက်က အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး) ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၊ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ လှည်းကူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်းဦး၊ ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးနှင့် အ.ထ.က (လှည်းကူး) ကျောင်းအကျိုးတော်ဆောင် ဦးကောင်းမြတ်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွင်း ကျောင်းစာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများ စာပေဖတ်ရှုနေမှု၊ မြန်မာ့သိုင်း၊ တိုက်ကွမ်ဒိုသရုပ်ပြသနေမှုများကိုလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာ/ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ လူငယ်စကားဝိုင်း၊ လှပသာယာပြည်မြန်မာ ဓာတ်ပုံပြပွဲများ၊ စာအုပ်ဈေးရောင်းပွဲများ၊ ကျောင်းသား ကျောင်းသူများက သိပ္ပံပြခန်း၊ ကျောင်းသား ကျောင်းသူများက ရုပ်ပုံဆက်၊ စကားပုံဆက်၊ Spin wheel၊ မြားပစ်၊ ဆေးရောင်ခြယ်၊ တာယာကွင်းဘောလုံးကန်၊ နို့ဆီဘူးပစ်၊ အရုပ်သရေကွင်းပစ်၊ စက္ကူခေါက်၊ ပူဖောင်းမြားပစ်၊ ဘယ်ခြေညာလက်၊ လက်ကောက်ကွင်းပစ်ကစားနည်းပြိုင်ပွဲများ ယှဉ်ပြိုင်နေမှု၊ ဖျော်ဖြေရေးအဖွဲ့များ ဖျော်ဖြေတင်ဆက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။



### ဂုဏ်ပြုလက်ဆောင်ချီးမြှင့်

ဆက်လက်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို အောင်ဆန်းခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး ကျောင်းစာကြည့်တိုက်အတွက် စာအုပ် ၁၀၀ လှူဒါန်းရာ လှည်းကူးမြို့နယ် ပညာရေးမှူးနှင့် အ.ထ.က (လှည်းကူး) မှ ကျောင်းအုပ်ဆရာမကြီးတို့က လက်ခံရယူပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောမည့် အမျိုးသားစာပေဆုများရှင် စာရေးဆရာ ဟိန်းလတ်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယပိုင်းအခမ်းအနားကို ကျင်းပရာ အမျိုးသားစာပေများဆုရှင် စာရေးဆရာဟိန်းလတ်က စာဖတ်ခြင်း၏အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် စာပေဟောပြောခဲ့ပြီး စာစီစာကုံး၊ စိတ်ကြိုက်ပန်းချီဆွဲ၊ ကဗျာရွတ်ဆို၊ ပုံပြင်ပြောနှင့် ကျပန်းစကားပြောပြိုင်ပွဲတို့တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တပ်မတော်နည်းပညာတက္ကသိုလ်၏ (၂၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

တပ်မတော်နည်းပညာတက္ကသိုလ်၏ (၂၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အေးမင်းဦး၊ တပ်မတော်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ် သောင်းနိုင်၊ တပ်မတော်နည်းပညာတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များနှင့် ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။



ဦးစွာ တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် နိုင်ငံတော်သီချင်းတီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က အင်ဂျင်နီယာပါရဂူဘွဲ့သင်တန်းအမှတ်စဉ် (၈) မှ အင်ဂျင်နီယာပါရဂူဘွဲ့ရရှိသူ သင်တန်းသားအရာရှိ ၁၂ ဦး၊ အင်ဂျင်နီယာ ပညာသင်ကြားရေး ဒီပလိုမာသင်တန်း အမှတ်စဉ် (၉) မှ အင်ဂျင်နီယာပညာသင်ကြားရေး ဒီပလိုမာရရှိသူ သင်တန်းသားအရာရှိ ရှစ်ဦးနှင့် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆) မှ အင်ဂျင်နီယာဘွဲ့ရရှိသူ ၁၁၁ ဦး စုစုပေါင်း ၁၃၁ ဦးတို့အား သက်ဆိုင်ရာ ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းပြီး အဝေးရောက်ဘွဲ့များအဖြစ် အင်ဂျင်နီယာပါရဂူဘွဲ့၊ မဟာအင်ဂျင်နီယာဘွဲ့နှင့် အင်ဂျင်နီယာဘွဲ့လွန် ဒီပလိုမာတို့ကိုလည်း ဆက်လက်အပ်နှင်းသည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့ရရှိသူများအား ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော်နည်းပညာ တက္ကသိုလ်အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု (၂၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ အင်ဂျင်နီယာဘွဲ့ရအရာရှိ ၇၇၅၃ ဦး၊ အင်ဂျင်နီယာမဟာဒဿနဘွဲ့ရငါးဦး၊ အင်ဂျင်နီယာပညာသင်ကြားရေးဒီပလိုမာ ဘွဲ့ရ ၁၃၅ ဦး၊ အင်ဂျင်နီယာဘွဲ့လွန်ဒီပလိုမာဘွဲ့ရ ၄၉၈ ဦး၊ မဟာအင်ဂျင်နီယာဘွဲ့ရ ၆၄၀ နှင့် အင်ဂျင်နီယာပါရဂူဘွဲ့ရ ၁၇၆ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဂုဏ်ထူးဆောင် အင်ဂျင်နီယာပါရဂူဘွဲ့ရနှစ်ဦးကိုလည်း ဘွဲ့များ အပ်နှင်းပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာ၌ မွေးမြူရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

နေပြည်တော် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ မြို့နယ်သမဝါယမအသင်းစု၏ ဘက်စုံစိုက်ပျိုးထုတ်လုပ်ရေးနှင့်မွေးမြူရေးခြံ၌ ယမန်နေ့နံနက်ပိုင်းက နေပြည်တော် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် နေပြည်တော်သမဝါယမဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သည့် မွေးမြူရေးစီမံခန့်ခွဲမှု သင်တန်းကို ဖွင့်လှစ်သည်။



သင်တန်းတွင် နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာ ထွန်းထွန်းကိုနှင့် ဌာနဝန်ထမ်းများက စာတွေ့၊ လက်တွေ့ပို့ချခဲ့ပြီး သင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသို့ သင်တန်းသား ၂၃ ဦး တက်ရောက်သည်။ **သတင်းစဉ်**

## ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအလိုက် ၁၃-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ

| စဉ် | အားကစားနည်း | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၃ | ၂ | ၃ | ၈ | |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ၂ | ၄ | ၃ | ၉ | |
| ၃ | ဆောက်လုပ်ရေး | ၂ | ၂ | ၂ | ၆ | |
| ၄ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၂ | ၁ | | ၃ | |
| ၅ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၂ | | ၁ | ၃ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၁ | | ၂ | |
| ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၂ | | ၂ | |
| ၈ | အလုပ်သမားဝန်ကြီးဌာန | | | ၁ | ၁ | |
| ၉ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၀ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၁၂ | ၁၂ | ၁၂ | ၃၆ | |

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ *ကျောဖုံးမှ*

သို့မဟုတ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ဆောင်ရွက်မည်ဖြစ်၍ ကျန်းမာရေးဂရုပြုကြရန်လည်း အသိပေးထားသည်။

ထို့အတူ နိုင်ငံကူးလက်မှတ် စာအုပ်သက်တမ်း အနည်းဆုံး တစ်နှစ်အထက်ရှိရန် လိုအပ်သည်ဟု ကြိုတင်အသိပေးထားကြောင်း အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ POEA– EPS က အသိပေးကြေညာချက်တွင် ပါရှိသည်။

(၁၆) ကြိမ်မြောက် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ ကုန်ထုတ်လုပ်ငန်း ပထမအသုတ် အောင်မြင်သူ ၅၃၇၇ ဦးနှင့် ဝန်ဆောင်မှုလုပ်ငန်း (အုပ်စု–၁) အောင်မြင်သူ ၇၁ ဦး၏ စာရင်းကို အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီမှ ဒီဇင်ဘာ ၃ ရက်က အသိပေး ထုတ်ပြန်ကြေညာခဲ့သည်။

(၁၆) ကြိမ်မြောက် ကိုရီးယားဘာသာအရည်အချင်းစစ် စာမေးပွဲတွင် မြန်မာနိုင်ငံမှလုပ်သားများကို ကိုရီးယားနိုင်ငံရှိ ဝန်ဆောင်မှုလုပ်ငန်းအတွက် တိုးချဲ့ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် စာမေးပွဲလျှောက်လွှာ တင်သွင်းသူများ အနက် ကိုရီးယားဘာသာ အရည်အချင်းစစ်ဆေးခြင်း(EPS–TOPIK) ကုန်ထုတ်လုပ်ငန်း (ဒုတိယအသုတ်) စာမေးပွဲကို ၂၀၂၅ ခုနှစ် နှစ်ဆန်းတွင် ဖြေဆိုရမည်ဖြစ်ပြီး HRD–Korea မှ အချိန်ဇယား ပေးပို့လာပါက ဆက်လက်ကြေညာပေးမည် ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**MT**

❒ *ကျောဖုံးမှ*

ပြိုင်ဘက်ပဲလ်ဇန် အသင်းကလည်း တုံ့ပြန်တိုက်စစ်ဆင်မှုများ မှတစ်ဆင့် မန်ယူအသင်း ခံစစ်နှင့် ဂိုးသမားတို့ကို အခက်တွေ့အောင် ကစားနိုင်ခဲ့သည်။

မန်ယူအသင်းသည် ပွဲကစားချိန် ၅၆ မိနစ်တွင် ခြေစွမ်းကျဆင်းလာသည့် ရက်ဖို့ဒ်၏ နေရာကို တိုက်စစ်ကစားသမား ဟွိုက်လန်းဖြင့် လူစားလဲခဲ့သည်။ ထို့နောက်တွင် မန်ယူအသင်း၏ တိုက်စစ်ပိုင်း ထက်မြက်မှုရှိခဲ့ပြီး လိုအပ်သည့် သွင်းဂိုးများ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ပဲလ်ဇန်အသင်းအတွက် သွင်းဂိုးကို ပွဲကစားချိန် ၄၈ မိနစ်တွင် ဗစ်ဒရာက သွင်းယူပေးပြီး မန်ယူအသင်းအတွက် သွင်းဂိုးများကို ဟွိုက်လန်းတစ်ဦးတည်းက သွင်းယူပေးခဲ့သည်။

မန်ယူအသင်းသည် ယခုပွဲ နိုင်ပွဲရရှိခဲ့သည့်အတွက် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ခြောက်ပွဲကစားပြီး သုံးပွဲနိုင်၊ သုံးပွဲသရေဖြင့် ရမှတ် ၁၂ မှတ် ရရှိထားပြီဖြစ်ကာ ပြိုင်ဘက် ပဲလ်ဇန်အသင်းက နှစ်ပွဲနိုင်၊ သုံးပွဲသရေနှင့် တစ်ပွဲရှုံးဖြင့် ရမှတ်ကိုးမှတ် ရရှိထားသည်။

ယူရိုပါလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ် (၆) မှ အခြားနာမည်ကြီးပွဲစဉ် ရလဒ်များတွင် ရိုးမားက ဘရာဂါကို သုံးဂိုး– ဂိုးမရှိ၊ လာဇီယိုက အိုင်းယက်စ်ကို သုံးဂိုး–တစ်ဂိုး၊ လိုင်ယွန်က ဖရန့်ဖတ်ကို သုံးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး ရိန်းဂျားနှင့် စပါးအသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ **အောင်ဇော်**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နီကျယ်ကျော ဂျာနယ် ထွက်ရှိ



၁၅-၁၂-၂၀၂၄ ရက်နေ့ထုတ် အတွဲ (၂၁)၊ အမှတ် (၂၄) တွင်
- မြန်မာနိုင်ငံ၏ ဂုဏ်ကိုထင်ဟပ်စေမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်
- ဗိုမိုတင်ပို့ရောင်းချနေရသည့် ပန်းခရုဈေးကွက်
- ခေတ်မီရထားတွဲဆိုင်းသစ်များဖြင့် အဆင့်မြှင့်တင်ထားသည့် ရထားပို့ဆောင်ရေးလုပ်ငန်း
- ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန် ပွဲတော် သတ်မှတ်ခြင်းခံရ
- ပြည်တွင်းထုတ် တာယာများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရန်ဆောင်ရွက်
- ACMECS ခရီးသွားလုပ်ငန်းချိတ်ဆက်မှု အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်
- ဗိုလန်နှင့် အရှေ့အလယ်ပိုင်းနိုင်ငံများမှ မြန်မာ့အထည်ချုပ်စက်ရုံများသို့ လုပ်ငန်းအပ်နှံမှု မြင့်တက်
- အွန်လိုင်းဆိုးကျိုးများက ကလေးငယ်များအား စိတ်ကျရောဂါဖြစ်စေဟု ပညာရှင်များပြောစသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၃**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပရာ အမျိုးသား/အမျိုးသမီး မာရသွန်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ၊ အမျိုးသား လှံတံပစ်ပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၅၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပရာ အမျိုးသားမီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ လိပ်ပြာကူးပြိုင်ပွဲ၊ အမျိုးသား မီတာ ၄၀၀ ပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲ၊ အမျိုးသား မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၂၀၀ တစ်ဦးချင်း လေးမျိုးကူးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲ၊ အမျိုးသား မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသား မီတာ ၅၀ x ၄ လွန်းပျံ လေးမျိုးကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ ၅၀ x ၄ လွန်းပျံလေးမျိုးကူးပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဗိုဗီနမ်ပြိုင်ပွဲကို** ရွှေကြာပင် အားကစားရုံ၌ ကျင်းပရာ **အမျိုးသမီး ၅၅-၆၀ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ဓားရှည်နှစ်ယောက်တိုက်အပြစွမ်းရည်ပြ ပြိုင်ပွဲများ ယှဉ်ပြိုင်ကစားခဲ့ကြပြီး** ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် ပန်းဝင်လာစဉ်။ ဓာတ်ပုံ – မျိုးထက်ဦး



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားလေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးတင်းနစ်ပြိုင်ပွဲတွင် ရေဝတီတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်စဉ်။

**ထို့ပြင် အမျိုးသမီးတစ်ကိုယ်တော် ဓားတစ်လက်အပြ စွမ်းရည်ပြပြိုင်ပွဲကို ဆက်လက်ကျင်းပရာ** ရခိုင်ပြည်နယ်မှ သက်စုအောင် က ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ ယွန်းနဒီဇော်က ဒုတိယ၊ ကရင်ပြည်နယ်မှ နှင်းယုဝေက တတိယဆုကို လည်းကောင်း၊ **ဗိုဗီနမ်အပြပြိုင်ပွဲ မ ၁ + ကျား ၃ လက်နက်ပါ အပြပြိုင်ပွဲ** စွမ်းရည်ပြပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ဝင်းဝင်းခိုင်နှင့်အဖွဲ့က ပထမ၊ ရှမ်းပြည်နယ်မှ မေသက်မှူးနှင့်အဖွဲ့က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ နှင်းဝတ်ရည်နှင့်အဖွဲ့က တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)** ၌ကျင်းပရာ **Mixed Team ပြိုင်ပွဲတွင်** ကချင်ပြည်နယ်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးက ဒုတိယ၊ ရှမ်းပြည်နယ်နှင့် ရေဝတီတိုင်းဒေသကြီးတို့က ပူးတွဲ တတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်/စနူကာပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် လူရွေးပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘိလိယက်ရုံ၌ကျင်းပရာ စနူကာ 6 Red တစ်ဦးချင်းပြိုင်ပွဲ၊ 9 Ball တစ်ဦးချင်းပြိုင်ပွဲ၊ ဘိလိယက်တစ်ဦးချင်းပြိုင်ပွဲ၊ စနူကာ 15 Red တစ်ဦးချင်း ပြိုင်ပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(၃/၄)၊ ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ရေဝတီတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၃ ဂိုး – ဂိုးမရှိ၊ ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ ဂိုး– ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၄ ဂိုး– ဂိုးမရှိ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၄ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ တတိယနေရာလုပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ **ဗိုလ်လုပွဲစဉ်တွင်** စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး **စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပထမ၊ မွန်ပြည်နယ်အသင်းက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက တတိယဆုကို** လည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒို အတိုက်ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း တိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ **အမျိုးသား ဘင်တန် ၅၈-၆၃ ကီလိုတန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ဘုန်းထွဋ်မှူးအောင်က ကယားပြည်နယ်မှ စောအယ်လင်းဦးကို အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုကို ကယားပြည်နယ်နှင့် တတိယဆုကို မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့က ပူးတွဲရရှိခဲ့ကြသည်။

**အမျိုးသား ဖယ်သာ ၆၃-၆၈ ကီလိုတန်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** ရှမ်းပြည်နယ်မှ ထက်မြတ်နိုင်က ရေဝတီတိုင်းဒေသကြီးမှ ဟိန်းထွဋ်မှူးစံကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ရှိုင်းထက်အောင်က ကယားပြည်နယ်မှ လွင်မျိုးခန့်ကိုလည်းကောင်း၊ **အမျိုးသမီး ဖလိုင်း ၄၆– ၅၁ ကီလိုတန်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** ရန်ကုန်တိုင်းဒေသကြီးမှ မေမြတ်နိုးဦးက ကရင်ပြည်နယ်မှ ကရေစီနိုး ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ဆုလေပြေထွန်းက ရေဝတီတိုင်းဒေသကြီးမှ မေသဇင်ကျော် ကိုလည်းကောင်း၊ **အမျိုးသမီး ၄၆ – ၅၁ ဗိုလ်လုပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ မေမြတ်နိုးဦးက ရှမ်းပြည်နယ်မှ ဆုလေပြေထွန်းကိုလည်းကောင်း အနိုင်ရရှိခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ရှမ်းပြည်နယ်က ဒုတိယ၊ ကရင်ပြည်နယ်နှင့် ရေဝတီတိုင်းဒေသကြီး တို့က ပူးတွဲတတိယဆုကို ရရှိခဲ့ကြသည်။





ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များကို တွေ့ရစဉ်။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

**ပြည်နယ်နှင့် တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ** အုပ်စုပတ်လည်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ကျင်းပရာ **အမျိုးသားတင်းနစ်ပြိုင်ပွဲများတွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်က ချင်းပြည်နယ်အသင်းကို ၂ပွဲ -၁ပွဲ၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း၊ **အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲ - ၁ ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၂ ပွဲ - ၁ ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း အလေးမရုံ၌ကျင်းပရာ အမျိုးသား ၅၅ ကီလိုတန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ငြိမ်းချမ်းထွေးက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ အောင်ပြည့်စုံဦးက ဒုတိယ၊ ကရင်ပြည်နယ်မှ မျိုးမင်းထက်က တတိယဆုကို လည်းကောင်း **အမျိုးသမီး ၄၅ ကီလိုတန်းပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီးမှ ယဉ်ယဉ်ထွေးက ပထမ၊ မကွေးတိုင်းဒေသကြီးမှ ချိုဇင်မြင့်က ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ ခိုင်သဇင်အောင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့သည်။

**ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ကျင်းပရာ အမျိုးသား လုံးတံပစ်ပြိုင်ပွဲ၊ အမျိုးသားသံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီး လုံးတံပစ်ပြိုင်ပွဲ၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲ၊ အမျိုးသမီး အလျားခုန်ပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/ အမျိုးသမီး မီတာ ၁၀၀ x ၄ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင်** ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာ ဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၃ ပွဲ - ၁ ပွဲ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၃ပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၃ ပွဲ - ၂ ပွဲ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့ အသင်းကို ၃ ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင်** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်းကို ၃ ပွဲ - ၂ ပွဲဖြင့် အနိုင်ရရှိခဲ့သည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အသင်းတို့က တစ်ဖက် ၃ ဂိုးစီ၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းတို့က တစ်ဖက် ၁ ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၅ ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို ၄ ဂိုး - ၁ ဂိုး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက် ၂ ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအသင်းကို ၆ ဂိုး - ၁ ဂိုး၊ ပြန်ကြားရေးဝန်ကြီးဌာန အသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၁၀ ဂိုး - ၁ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း နှစ်ယောက်တွဲပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A) ရုံ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို ၂ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အသင်းကို ၂ ပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲ - ၁ ပွဲ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့်အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အုပ်စုပတ်လည် အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။



အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများကို ပရိသတ်များ ပျော်ရွှင်စွာ ကြည့်ရှုအားပေးနေစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်စဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ဂျူဒိုပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ ကြည့်ရှုအားပေးစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး လှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်ကစားစဉ်။



ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ အလျားခုန်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်မှုကို တွေ့ရစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲတွင် နေပြည်တော်နှင့် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားစဉ်။





ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များက အားပေးစဉ်။





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှု ကို ပရိသတ်များ တစ်ခဲနက်အားပေးစဉ်။

# ကိုယ်လေ့ကျင့်ပေးတဲ့ကစားသမားတွေ အောင်မြင်တာမြင်ရတာက ကိုယ်တိုင်ရတဲ့ ပီတိထက်ပိုတယ်ဆိုတာ သိလာရပါတယ်

ကိုထက်ရှိုင်းအောင် (နည်းပြ၊ တနင်္သာရီတိုင်းဒေသကြီး)


နော်တဘိုးရာ


ကိုထက်ရှိုင်းအောင်


ဦးသိန်းဝင်းထွန်း


ကိုထက်အောင်


ဓေယျာဖြိုး


ကိုငြိမ်းပြည့်ဖြိုး

နေပြည်တော် ဒီဇင်ဘာ ၁၃

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲအသီးသီးမှ အားကစားသမားများ၊ ကြီးကြပ်သူများ၊ နည်းပြများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်မှအချို့အား ကောက်နုတ်ဖော်ပြလိုက်ရပါသည်။**

**နော်တဘိုးရာ**
**အမျိုးသမီး ၅၅ ကီလိုတန်း အလေးမပြိုင်ပွဲ**

မန္တလေးအားကစားနဲ့ ကာယပညာသိပ္ပံမှာ ရွေးချယ်ခံရပြီးတဲ့နောက် ၂၀၁၄ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိ အလေးမအားကစားလုပ်ဖြစ်ခဲ့ပါတယ်။ ဒီနေ့ပြိုင်ပွဲမှ ၅၅ ကီလိုတန်း အလေးမ အားကစားမှာ နှစ်ဆင့်မ ၁၁၆ ကီလိုနဲ့ မြန်မာပြည် စံချိန်သစ်တင်နိုင်ခဲ့ပါတယ်။ ပြိုင်ပွဲအနေနဲ့ကတော့ ဒီအားကစားပွဲတော်မတိုင်ခင်မှာ ကမ္ဘောဒီးယားနိုင်ငံနဲ့ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတွေမှာ သွားရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဗီယက်နမ် ဆီးဂိမ်းမှာတော့ တတိယ(ကြေး)တံဆိပ်ကို ရခဲ့ပါတယ်။ ဒီအားကစားကို ဘာလို့ ရွေးချယ်ဖြစ်လဲဆိုရင် အရင်တုန်းက အလေးမအားကစားကို သိပ်မရင်းနှီးဘူး။ အားကစားတစ်ခုခုကိုပဲလုပ်ချင်တာ။ ဒါပေမယ့် အလေးမဘက်ကို ရောက်လာတော့ မိသားစုအတွက်ရော အားကစားနဲ့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ချင်လို့ ထူးချွန်အောင် ကြိုးစားခဲ့တာပါ။ နောက်တစ်ခုက ဒီအားကစားလမ်းကြောင်းပေါ်ကို စလျှောက်ကတည်းက လက်ရွေးစင်ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ရှိတယ်။ ကိုဗစ်မတိုင်ခင်တုန်းက လေ့ကျင့်ရေးစခန်း ခဏနားခဲ့တဲ့နောက် ဆက်ပြီး မလုပ်တော့ဘူးဆိုပြီး Gym Trainer ပဲလုပ်ခဲ့တယ်။ ဗီယက်နမ်ဆီးဂိမ်းအတွက် စခန်းသွင်းတဲ့အချိန်ကျမှ ကိုယ်တိုင်က ဒီအားကစားအပေါ် အချိန်တွေအကြာကြီးမြှုပ်နှံပြီးမှ ဘာမှမဖြစ်လို့ မရဘူးဆိုပြီး နှမြောမိတဲ့အတွက် ဒီတစ်ကြိမ်ဖြစ်အောင်လုပ်မယ်ဆိုတဲ့စိတ်နဲ့ ဝင်ပြိုင်ဖြစ်တာပါ။ လက်ရွေးစင်ကစားသမားတစ်ယောက်ဖြစ်လာဖို့ဆိုရင် နည်းပြလည်း အရေးကြီးသလို ကစားသမားကိုယ်တိုင်ကလည်းအရေးပါတယ်။ အခုလိုပြိုင်ပွဲတွေ ကျင်းပပေးတာကလည်း မျိုးဆက်သစ်ကစားသမားတွေအတွက်ရော ကျွန်မတို့ကစားသမားတွေအတွက်ပါကောင်းတယ်။ အလေးမအားကစားကိုလည်း ပိုစိတ်ဝင်စားသူ များလာပြီး အားကစားသမားတွေပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

**ကိုထက်ရှိုင်းအောင်(နည်းပြ၊ တနင်္သာရီတိုင်းဒေသကြီး)**
**မြန်မာ့လက်ရွေးစင်ပြေးခုန်ပစ်အားကစားသမား**

ကျွန်တော်က ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်မှာ မီတာ ၁၀၀ စံချိန် ၁၀.၆၀ ကို ၁၀.၅၈ နဲ့ စံချိန်အသစ်တင်ခဲ့ဖူးပါတယ်။ ပြေးခုန်ပစ်အားကစားဆိုတာ အခုစလေ့ကျင့် အခုဆုရဆိုတဲ့ အားကစားမျိုး မဟုတ်ပါဘူး။ လနဲ့ချီ၊ နှစ်နဲ့ချီ ကြိုးစားလေ့ကျင့်ရတယ်။ ကိုယ့်ကျန်းမာရေးကို အထူးဂရုစိုက်ပြီး အရှိန်ကောင်းအောင်၊ သက်လုံကောင်းအောင်၊ ကြံ့ခိုင်အောင် အမြဲလေ့ကျင့်နေရတဲ့ အားကစားမျိုးဖြစ်ပါတယ်။ သေသေချာချာ လေ့ကျင့်တဲ့သူသာ အကောင်းဆုံးဆုတံဆိပ်တွေ ဆွတ်ခူးရမှာ ဖြစ်ပါတယ်။ ကျွန်တော်က ၂၀၀၅ ခုနှစ်မှာ စကစားတာဖြစ်ပါတယ်။ မွန်ပြည်နယ် ကျိုက်ထိုမြို့က ဖြစ်ပါတယ်။ ကျွန်တော် သတ္တမတန်းမှာ အားကစားနဲ့ ကာယပညာသိပ္ပံက လူရွေးပွဲတွေရှိတော့ အားကစားဝါသနာပါတာနဲ့ လျှောက်ထားဖြစ်ခဲ့တယ်။ အဆင့်ဆင့်ရွေးချယ်တဲ့အထဲ ပါဝင်သွားပြီး ကျောင်းတက်ခဲ့တာ ၂၀၂၁ ခုနှစ်အထိပါ။ ၂၀၂၂ ခုနှစ်မှာ လက်ရွေးစင်အဖြစ် ရွေးချယ်ခံရတယ်။ ၂၀၂၄ ခုနှစ်အထိ မြန်မာ့လက်ရွေးစင်အနေနဲ့ လေ့ကျင့်ပြီး ပွဲတွေအများကြီး ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီနှစ် ၂၀၂၄ ခုနှစ် ဇွန်လက ထိုင်းနိုင်ငံမှာ ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်မှာ ထိခိုက်မှုဖြစ်ခဲ့ပါတယ်။ ဗိုလ်လုပွဲ မီတာ ၁၀၀ မှာ ပြိုင်နေတုန်း မီတာ ၈၀ လောက်မှာ ပေါင်ကြွက်သားအကြောပြတ်သွားတာကြောင့် ပြိုင်ပွဲက နုတ်ထွက်ခဲ့ရပြီး လက်ရွေးစင်ဘဝကနေ အနားယူခဲ့ပါတယ်။ လက်ရှိမှာ တနင်္သာရီတိုင်းဒေသကြီး ပြေးခုန်ပစ်အားကစားနည်းပြအနေနဲ့ မျိုးဆက်သစ်တွေကို လေ့ကျင့်ပေးနေပါတယ်။ ကျွန်တော့်အတွက်တော့ သင်ခန်းစာကောင်းကောင်းရလိုက်သလိုပါပဲ။ လက်ရှိနည်းပြဘဝရောက်တော့ ကိုယ့်ကလေးတွေကို ဘယ်လိုပြုစုပျိုးထောင်ပေးရမလဲ၊ ဘယ်လိုလေ့ကျင့်ပေးရမလဲဆိုတာနဲ့ တာတိုအမြန်ကစားတဲ့အခါ ဆောင်ရန်၊ ရှောင်ရန်တွေကို ပိုပြီးသေသေချာချာ အသေးစိတ်လေ့လာ သင်ပြပေးရပါတယ်။ ကျွန်တော်တို့ဆီက ရွှေ၊ ငွေ ဆုတွေရတော့ အတိုင်းမသိ ဝမ်းသာရပါတယ်။ ကိုယ်လေ့ကျင့်ပေးတဲ့ကစားသမားတွေ အောင်မြင်တာမြင်ရတာက ကိုယ်တိုင်ရတဲ့ ပီတိထက်ပိုတယ်ဆိုတာ သိလာရပါတယ်။

**ဦးသိန်းဝင်းထွန်း**
**(စစ်ကိုင်းတိုင်းဒေသကြီး ပိုက်ကျော်ခြင်းနည်းပြ)**

ကျွန်တော်တို့ စစ်ကိုင်းတိုင်းအနေနဲ့ နှစ်ယောက်တွဲရော၊ လေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆု ရရှိထားပါတယ်။ အခုလိုပြန်လည်ကျင်းပတဲ့ အားကစားပွဲတော်ကြီးမှာ ရွှေတံဆိပ်ဆုတွေ ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ကစားသမားတွေအတွက်လည်း ဂုဏ်ယူမိပါတယ်။ ဒီပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် မြို့နယ်အလိုက်ပြိုင်ပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ မြို့နယ်ပြိုင်ပွဲတွေမှာ ထူးချွန်တဲ့ ကစားသမားတွေကို ရွေးချယ်ပြီး သုံးလလောက်လေ့ကျင့်ပေးခဲ့ပါတယ်။ ပြိုင်ပွဲတစ်လျှောက်ပွဲတွေမှာတော့ လူငယ်တော်တော်များများက ကြိုးစားထားကြတာ တွေ့ရတယ်။ နည်းစနစ်ပိုင်း ကွာခြားမှုကတော့ အရင်က ဆားဗစ်ကို သုံးလုံးထိုး ၂၁ မှတ်ဂိမ်းကစားရပြီး ခုက တစ်လုံးထိုး ၁၅ မှတ်ဂိမ်းနဲ့ ကစားရတယ်။ ကစားသမားအများစုက ၂၀၂၃ တိုင်းနဲ့ပြည်နယ်ပြိုင်ပွဲတွေမှာ ဆုတံဆိပ်တွေ ရရှိဖူးတယ်။ အမျိုးသား အားကစားပွဲတော် ပြုလုပ်ပေးတဲ့အတွက် လူငယ်ကစားသမားတွေရဲ့ မျှော်လင့်ချက်နဲ့ အခွင့်အရေးတွေ ရရှိနိုင်တယ်။ တစ်ဖက်မှာလည်း မြန်မာ့လက်ရွေးစင် ကစားသမားတွေ များစွာထွက်ပေါ်လာနိုင်တဲ့အတွက် အရင်ချိန်က အာရှမှာရွှေတံဆိပ်ဆုတွေများစွာရရှိခဲ့တဲ့ မြန်မာတွေရဲ့ အောင်မြင်မှုကို ပြန်လည်ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။

**ကိုထက်အောင်**
**မြန်မာ့လက်ရွေးစင်ပြေးခုန်ပစ်ကစားသမား**

ကျွန်တော်တို့ ချိုးထားတဲ့စံချိန်နဲ့အတူတူကို ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှာ ကျွန်တော်တို့ညီငယ်လေးက စံချိန်ချိုးတာ တွေ့ရတော့ ဝမ်းသာမိတယ်။ မျိုးဆက်သစ်တွေကို ကြိုဆိုရမယ်။ လက်တွဲခေါ်ရမယ်ဆိုတာ စီနီယာအားလုံးရဲ့တာဝန်ပဲမဟုတ်လား။ ကျွန်တော်က ၂၀၁၇ ခုနှစ်မှာ ပြေးခုန်ပစ်အားကစားကို စတင်ကစားခဲ့ပါတယ်။ စံချိန်သစ်ကတော့ ၂၀၁၈ ခုနှစ်မှာ ရခဲ့တာပါ။ ဗီယက်နမ်ဆီးဂိမ်းအတွက် လူရွေးပွဲမှာ အကောင်းဆုံး ခုန်နိုင်ခဲ့တယ်။ စံချိန်ကတော့ ၁.၉၆ ပါ။ အဲဒီလို လူရွေးတော့ ကျွန်တော်ထိခိုက်မှု ဖြစ်သွားတယ်။ တကယ်သွားပြိုင်တဲ့အချိန်မှာ မလိုက်နိုင်တော့ဘူး။ ထုံးစံအတိုင်း ကစားသမားတစ်ယောက် ထိခိုက်ပြီဆိုရင် လနဲ့ချီ၊ နှစ်နဲ့ချီ နားရတော့တာပဲ။ ကျွန်တော်ဆက်လည်းကစားတယ်။ လေ့ကျင့်ခန်းလည်း မှန်မှန်လုပ်တယ်။ ဒါပေမယ့် အရင်လောက်တော့ မလုပ်နိုင်တော့ဘူး။ ကျွန်တော်က ၂၀၁၈၊ ၂၀၁၉၊ ၂၀၂၀ ခုနှစ်တွေမှာ ရွှေချည်းဆက်တိုက်ရခဲ့တယ်။ ဒါပေမယ့် ထိခိုက်မှုဖြစ်ထားတော့ တော်တော်လေးကို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလျော့လာခဲ့တယ်။ ဒါပေမယ့် အကောင်းဘက်က တွေးကြည့်တော့ ကိုယ့်ကိုကိုယ် ပိုချစ်လာတယ်။ ပိုဂရုစိုက်လာမိတယ်။ အခုနောက်ပိုင်း ဆရာတွေရဲ့ လမ်းညွှန်ပြသမှုနဲ့ နည်းပြလိုင်းကို ကူးဖို့ဆန္ဒရှိတယ်။ လက်ရှိမှာလည်း ဂျူနီယာ ပြေးခုန်ပစ်အားကစားသမားတွေကို တတ်စွမ်းသလောက် နည်းစနစ်တွေသင်ပြတယ်။ လိုက်စောင့်ကြည့်ကစားပေးတယ်။ နည်းပြလုပ်ပေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က ပြေးခုန်ပစ်အားကစားကို မစွန့်လွှတ်နိုင်ပါဘူး။ ဒါကြောင့် ရတဲ့နေရာက ပါဝင်အားဖြည့်သွားမှာပါ။

**ဓေယျာဖြိုး (စစ်ကိုင်းတိုင်းဒေသကြီးပြိုင်ပွဲဝင်)**
**(ရွှေတံဆိပ်ဆုရ၊ ပြေးခုန်ပစ်)**

မီတာ ၁၀၀ တစ်ဦးချင်းပြိုင်ပွဲမှာ ဒုတိယရရှိခဲ့ပြီး မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီပြိုင်ပွဲကြီးအတွက် တစ်လကျော်အကောင်းဆုံး ကြိုးစားပြင်ဆင်ခဲ့တယ်။ နည်းပြဆရာတွေကလည်း Training plan ကောင်းကောင်းနဲ့ လေ့ကျင့်ပေးခဲ့တဲ့အတွက် အခုလို ရွှေတံဆိပ်ဆုတွေကို ထိုက်ထိုက်တန်တန်ရရှိခဲ့တာပါ။ ကျွန်တော့်အနေနဲ့ ပြည်နယ်နဲ့ တိုင်းပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖူးတယ်။ ပြီးခဲ့တဲ့ အသက် ၁၈ နှစ်အောက် မီတာ ၄၀၀ ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရတယ်။ မီတာ ၂၀၀ မှာ ငွေတံဆိပ်ဆု၊ မီတာ ၁၀၀ မှာ ကြေးတံဆိပ်ဆုနဲ့ ၂၅ နှစ်အောက် မီတာ ၂၀၀ ပြိုင်ပွဲမှာလည်း တတိယရဖူးတယ်။ အခုလိုအားကစားပြိုင်ပွဲကြီး ပြုလုပ်ပေးတဲ့အတွက် ကျွန်တော်တို့ရဲ့ ကြိုးစားထားမှုတွေကို ပြသနိုင်ခဲ့သလို အားကစားနည်း အသီးသီးမှ ပြည်နယ်နဲ့တိုင်းဒေသကြီး ကိုယ်စားပြုတဲ့ ထူးချွန်တဲ့ ကစားသမားတွေ ထွက်ပေါ်လာနိုင်တယ်။ ယခုပြိုင်ပွဲအတွက် တိုင်းဒေသကြီးအစိုးရကလည်း နေစရိတ်၊ စားစရိတ်အပြင် တခြားလိုအပ်တာတွေ ပေးတဲ့အတွက် ကျွန်တော်တို့ကစားသမားတွေအနေနဲ့ လေ့ကျင့်မှုတွေ ပြုလုပ်ရတာ အများကြီးအဆင်ပြေခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာပြည်မှာ တင်ထားတဲ့စံချိန်ကို ချိုးနိုင်အောင် ကြိုးစားယှဉ်ပြိုင်သွားဖို့ ရည်စူးထားသလို ပြည်ပပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်နိုင်အောင်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယရှိရှိနဲ့ အကောင်းဆုံးကြိုးစားသွားမယ်။

**ကိုငြိမ်းပြည့်ဖြိုး(ပဲခူးတိုင်းဒေသကြီး)**
**ဘိလိယက်/စနူကာပြိုင်ပွဲဝင်**

အမျိုးသားအားကစားပွဲတော်မှာ ပြည်နယ်နဲ့တိုင်းပေါင်းစုံက အားကစားသမားတွေ အများကြီးကြားမှာ ကိုယ့်တိုင်းဒေသကြီး ဂုဏ်ဆောင်နိုင်ဖို့အတွက် ဒီပြိုင်ပွဲကိုဝင်ဖြစ်တာပါ။ ကျွန်တော်ပြိုင်တဲ့ပြိုင်ပွဲက စနူကာ 6 Ball နဲ့ 15 Ball ပြိုင်ပွဲနှစ်ခုပါ။ ပြိုင်ပွဲမှာ စိတ်လှုပ်ရှားဖို့လည်းကောင်းတယ်။ ပျော်ဖို့လည်းကောင်းတယ်။ မျိုးဆက်သစ်တွေလည်း ဝင်ပြိုင်လို့ရတယ်။ ပြည်နယ်နဲ့ တိုင်းအဆင့်ကနေ ကိုယ်လေ့ကျင့်တဲ့အပေါ်မူတည်ပြီး အောင်မြင်ရင် ပြည်ပပြိုင်ပွဲတွေအထိ သွားပြိုင်ပြီး ကိုယ်ကြိုက်တဲ့အားကစားနဲ့ နိုင်ငံ့ဂုဏ်ဆောင်တစ်ယောက်အထိ ဖြစ်လာနိုင်တယ်။ ကျွန်တော်ပြိုင်ပွဲ ဝင်ပြိုင်တာ သုံးနှစ်ရှိပါပြီ။ ၂၀၂၃ ခုနှစ်က ကျင်းပတဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးပြိုင်ပွဲမှာ 15 Ball နဲ့ ရွှေတံဆိပ်ရတယ်။ ပြိုင်ပွဲမှာဆုရဖို့ဆိုရင် အပြင်မှာလက်ဘယ်လောက်ကောင်းကောင်း၊ အပြင်မှာ ပိုက်ဆံကြေးထိုးလို့ ရှုံးသွားရင် နောက်နေ့သွားပြိုင်လို့ရတယ်။ ဒါပေမယ့် ဒီလိုပြိုင်ပွဲမျိုးကျ နိုင်ငံတော်က ပြိုင်ပွဲတွေလုပ်တဲ့အချိန်မှသာ ဝင်ပြိုင်လို့ရတဲ့အတွက် လူငယ်ကစားသမားတွေလည်း ဝင်ပြိုင်သင့်တယ်။ ဒီနှစ်မှာတော့ ကျွန်တော်တို့ပဲခူးတိုင်းမှာ လူငယ်ကစားသမားတွေ တော်တော်များများ ပါဝင်လာတယ်။ သူတို့လေ့ကျင့်ထားတဲ့ အင်အားနဲ့ပြိုင်ဆိုင်ကြမယ်။ အတွေ့အကြုံလည်းရသလို သူတို့ ထူးချွန်ရင် ထူးချွန်သလောက် လက်ရွေးစင်ကစားသမားတွေလည်း ဖြစ်သွားနိုင်တယ်။ ပဲခူးတိုင်းဒေသကြီးအနေနဲ့ ဘိလိယက်/စနူကာသမား ၁၃ ဦးပါ ပါတယ်။ ပြိုင်ပွဲဝင်တချို့က ပြည်မှာစခန်းသွင်း လေ့ကျင့်ခဲ့သလို ကျွန်တော်ကတော့ လက်ရွေးစင်ကစားသမား ကိုအောင်ဖြိုးအနားမှာ အနီးကပ်သင်ကြားမှုနဲ့ လေ့ကျင့်ခဲ့ပါတယ်။ ဘိလိယက်/စနူကာ လူငယ်ကစားသမားတွေထွက်ပေါ်လာဖို့အတွက် အဓိကအရေးကြီးတာက လေ့ကျင့်နေရမယ်။ ပြိုင်ပွဲရှိရမယ်။ လေ့ကျင့်ဖို့နေရာလိုတယ်။ တိုင်းဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင်ကစားသမားတွေ များများထွက်ဖို့အတွက် လိုအပ်တာကတော့ လေ့ကျင့်ဖို့နေရာ၊ အဆင့်မီတဲ့ ဘိလိယက်/စနူကာခုံတွေပါ။ ကျွန်တော်တို့တိုင်းက ကစားသမားတွေက ရန်ကုန်လို တခြားတစ်နေရာမှာ သွားလေ့ကျင့်ရတဲ့အတွက် အခက်အခဲရှိတာကြောင့် တိုင်းဂုဏ်ဆောင်ကစားသမားတွေအတွက် ဘိလိယက်လေ့ကျင့်ခုံတွေ ဖြည့်ဆည်းပေးဖို့ မျှော်လင့်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း**
**ခင်ရတနာ၊ ဇင်ဦး၊ ဟိန်းထက်ဇော်၊ မျိုးထက်ဦး၊**
**ဓာတ်ပုံ-ဟိန်းဇင်ထက်**

စိုက်ပျိုးရေးတက္ကသိုလ် နှစ် (၁၀၀) ပြည့် အကြို ဂုဏ်ပြုဆောင်းပါး

# စိုက်ပျိုးရေးပညာ နှစ် (၁၀၀) တိုင်ပြီ (အပိုင်း-၂)

ဒေါက်တာမျိုးကြွယ်

**နိုင်ငံတကာ စိုက်ပျိုးရေးပညာသင်ကြားသော တက္ကသိုလ်များရှိ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသော သီးခြားဌာနများ(Separate Departments)၊ အထူးပြုဘာသာရပ်အသစ်များ (New Majors/Specializations)**

Agriculture ဆိုသော အနက် အဓိပ္ပာယ်အောက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အစားအစာ စသည်ဖြင့် အဓိပ္ပာယ်ကျယ်ပြန့်စွာ ဖွင့်ဆိုထားပါသည်။ နိုင်ငံတကာတက္ကသိုလ်များတွင် သင်ကြားသုတေသနပြုနေသော စိုက်ပျိုးရေးနှင့် ဆက်စပ်ဘာသာရပ်များနှင့် ဘွဲ့များ (Degree Programs) အကြောင်း ဆွေးနွေးတင်ပြပါမည်။

နိုင်ငံတကာတက္ကသိုလ်များတွင် စိုက်ပျိုးရေးနှင့် ဆက်စပ်ဘာသာရပ်များ ပေးအပ်သောဘွဲ့များမှာ-

(၁) သိပ္ပံဘွဲ့ (စိုက်ပျိုးမွေးမြူရေး) B.Sc. (Agriculture); B.Agr.Sc.
(၂) သိပ္ပံဘွဲ့ (ဥယျာဉ်ခြံသီးနှံစိုက်ပျိုးထုတ်လုပ်ရေး) B.Sc. (Horticulture)
(၃) သိပ္ပံဘွဲ့ (သီးနှံသိပ္ပံ) B.Sc. (Crop Science)
(၄) သိပ္ပံဘွဲ့ (စားကျက်သိပ္ပံ) B.Sc. (Pasture Science)
(၅) သိပ္ပံဘွဲ့ (မြေဆီလွှာသိပ္ပံ) B.Sc.(Soil Science)
(၆) သိပ္ပံဘွဲ့ (ပတ်ဝန်းကျင်သိပ္ပံ) B.Sc. (Environmental Science)
(၇) သိပ္ပံဘွဲ့ (တိရစ္ဆာန်မွေးမြူရေးသိပ္ပံ) B.Sc. (Animal Science)
(၈) သိပ္ပံဘွဲ့ (ပိုးစာပင်စိုက်ပျိုးရေးနှင့်ပိုးမွေးမြူရေး) B.Sc. (Sericulture)
(၉) သိပ္ပံဘွဲ့ (သီးနှံသစ်တောရောနှောစိုက်ပျိုးရေး) B.Sc. (Agroforestry)
(၁၀) သိပ္ပံဘွဲ့ (အစားအစာအာဟာရဓာတ်နှင့်ကျန်းမာရေး) B.Sc. Food Nutrition and Dietetics
(၁၁) သိပ္ပံဘွဲ့ (စိုက်ပျိုးမွေးမြူထုတ်ကုန်များကူးသန်းရောင်းဝယ်ရေး) B.Sc. (Agri-business)
(၁၂) သိပ္ပံဘွဲ့ (နို့နှင့်နို့ထွက်ပစ္စည်းဆိုင်ရာသိပ္ပံ) B.Sc. (Dairy Science)
(၁၃) သိပ္ပံဘွဲ့ (အစားအသောက်သိပ္ပံ) B.Sc. (Food Science)
(၁၄) သိပ္ပံဘွဲ့ (ဝိုင်ထုတ်လုပ်ခြင်းဆိုင်ရာသိပ္ပံ) B.Sc. (Wine Science)
(၁၅) သိပ္ပံဘွဲ့ (ပျားမွေးမြူရေး) B.Sc. (Apiculture)
(၁၆) သိပ္ပံဘွဲ့ (စပျစ်စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာသိပ္ပံ) B.Sc. (Viticulture)
(၁၇) သိပ္ပံဘွဲ့ (မြင်းမွေးမြူရေးနှင့် မြင်းနှင့်ဆိုင်သော အားကစားသိပ္ပံ) B.Sc. (Equine Science)
(၁၈) သိပ္ပံဘွဲ့ (သဘာဝအရင်းအမြစ်များစီမံခန့်ခွဲရေး) B.Sc. (Natural Resources Management)
(၁၉) နည်းပညာဘွဲ့ (စိုက်ပျိုးရေးအင်ဂျင်နီယာ) B.Tech. (Agricultural Engineering)
(၂၀) နည်းပညာဘွဲ့ (အစားအစာအင်ဂျင်နီယာ) B.Tech. (Food Engineering)
(၂၁) နည်းပညာဘွဲ့ (ပတ်ဝန်းကျင်ဆိုင်ရာအင်ဂျင်နီယာ) B.Tech. (Environmental Engineering)
(၂၂) နည်းပညာဘွဲ့ (ဇီဝနည်းပညာ) B.Tech. (Biotechnology)
(၂၃) နည်းပညာဘွဲ့ (ဇီဝဆိုင်ရာအချက်အလက်များ) B.Tech. (Bioinformatics)
(၂၄) နည်းပညာဘွဲ့ (စိုက်ပျိုးရေးဆိုင်ရာအချက်အလက်နည်းပညာ) B.Tech. (Agricultural Information Technology) စသည်ဖြင့် ဘွဲ့၊ ဒီဂရီ၊ ဘာသာရပ်များ များပြားလှပါသည်။




ပြောင်းလဲသွားသောတက္ကသိုလ်များနယ်မြေ မုခ်ဦး

တချို့ စုပေါင်းဘာသာရပ်များဘွဲ့ (Multidisciplinary Subjects) ဥပမာ - တိကျသော စိုက်ပျိုးမွေးမြူရေး (Precision Agriculture/Farming)၊ အော်ဂဲနစ်စိုက်ပျိုးရေး (Organic Agriculture)၊ ရာသီဥတုနှင့်လိုက်လျောညီထွေဖြစ်သော စိုက်ပျိုးမွေးမြူရေး (Climate-Smart Agriculture)၊ အချက်အလက်ဆိုင်ရာစိုက်ပျိုးရေး (Data Science in Agriculture)၊ ဒစ်ဂျစ်တယ်စိုက်ပျိုးရေး (Digital Agriculture) စသည်ဖြင့် ခေတ်နှင့်လိုက်လျောညီထွေရှိသော စိုက်ပျိုးမွေးမြူရေးပညာများကို ဘွဲ့ဒီဂရီများ ပေးလာပါသည်။

၎င်းဘာသာရပ်များကို တက္ကသိုလ်ပထမဘွဲ့ (Bechelor Degree) အပြင် နိုင်ငံတော် လိုအပ်ချက်နှင့် ကိုက်ညီသော သုတေသနများ ပြုလုပ်အဖြေရှာကြရန် မဟာသိပ္ပံ (Master Degree - M.Sc.) ပါရဂူဘွဲ့ (Doctoral Degree - Ph.D.) များအထိ ပြုလုပ်ဆောင်ရွက်လျက် ရှိနေကြပါသည်။ တက္ကသိုလ်တွင် လေး၊ ငါးနှစ်သင်ယူခဲ့ရသော ပညာများ၊ ဘာသာရပ်များသည် ခေတ်မီဆန်းသစ်နေရမည်ဖြစ်ပြီး ခေတ်နှင့်အညီ အလုပ်အကိုင်လိုအပ်ချက်နှင့်လည်း ကိုက်ညီနေရပါမည် (Matching between Graduates and Employability)။

ဆက်လက်၍ နိုင်ငံတကာတွင် အထူးပြုဘာသာ၊ ဌာနသီးခြားခွဲ၍ သင်ကြားလျက်ရှိသော လိုအပ်လျက်ရှိသော ဘာသာရပ်အသစ်များကို စိုက်ပျိုးရေးတက္ကသိုလ်၏ ဘာသာရပ်စီစဉ်ထားပုံ အစဉ်အလာအရ A, B, C, D, E အလိုက် ဆွေးနွေးပါမည်။ ကမ္ဘာပေါ်ရှိ စိုက်ပျိုးရေးဆိုင်ရာတက္ကသိုလ်များတွင် ၎င်းဘာသာရပ်များကို အထူးပြုဘာသာအလိုက် ပထမဘွဲ့ (Bachelor - B.Sc./B.Agr.Sc.)၊ မဟာစိုက်ပျိုးရေးသိပ္ပံ/မဟာသိပ္ပံ (Master - M.Agr.Sc./M.Sc.)၊ ပါရဂူဘွဲ့ (Ph.D.) ဒီဂရီများအထိ လေ့လာသင်ကြား၊ သင်ယူ သုတေသနပြုနေကြပါသည်။

**(A - Agronomy) လယ်ယာသီးနှံပညာ ဘာသာကြီး၏ အောက်တွင်**

လယ်ယာသီးနှံဘာသာကြီးဆိုသည်မှာ ကွင်းအကျယ်ကြီးတွင် စိုက်ပျိုးပေးရသော သီးနှံများ - နှံစားသီးနှံ (Cereal Crops)၊ ဆီထွက်သီးနှံ (Oilseed Crops)၊ အမျှင်ထွက်သီးနှံ (Fibre Crops)၊ ပဲမျိုးစုံ (Food Legumes)၊ သကြားထွက်သီးနှံ (Sugar Crops)၊ ဥစားသီးနှံ (Root Crops)၊ တိရစ္ဆာန်များအတွက် အစားအစာသီးနှံများ (Forage Crops) စသည်ဖြင့် သီးနှံများ စိုက်ပျိုးထုတ်လုပ်ပေးခြင်း၊ စိုက်ပျိုးမြေ၊ မြေဆီဩဇာများစွာကို အထွက်ကောင်းရန်အတွက် စီမံဆောင်ရွက်ရသော ဘာသာရပ်ဖြစ်ပါသည်။

နိုင်ငံတကာတွင် ၎င်းဘာသာရပ်ကြီးအပြင် အောက်ဖော်ပြပါဘာသာရပ်များကိုလည်း တောင်သူဦးကြီးများ၏ သီးနှံအထွက်တိုးရန်အတွက် ပိုမိုကောင်းမွန်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရန် သင်ကြား၊ သုတေသနပြုပေးနေကြပါသည်။ သို့ဖြစ်ပါ၍ နောင်တစ်ချိန် ကျွန်တော်တို့နိုင်ငံတစ်ဝန်း၊ ပြည်နယ်၊ တိုင်းဒေသကြီးများပါမကျန် စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်များ ပေါ်ပေါက်လာပါက အသုံးပြုနိုင်ရန် ရေးသားတင်ပြလိုက်ရပါသည်။

**(က) မျိုးစေ့သိပ္ပံနှင့်နည်းပညာဌာန (Department of Seed Science and Technology)**

'မျိုးစေ့မမှန်၊ ပင်မသန်၊ ဖူးတန်ငုံကင်း၊ အသီးဖျင်း' ဟူသော ဆိုရိုးစကားနှင့်အညီ တောင်သူလယ်သမားများအတွက် မျိုးကောင်း၊ မျိုးသန့်ရရှိရေးက အလွန်အရေးကြီးပါသည်။ ၎င်းဘာသာရပ်ကိုလည်း သီးနှံတစ်မျိုးချင်းအလိုက် သီးခြားလေ့လာသင့်ပါသည်။ နမူနာအနေဖြင့် မျိုးစေ့သိပ္ပံသီးခြားဌာနရှိသော နာမည်ကြီးတက္ကသိုလ်အချို့မှာ-

**(က-၁)** မျိုးစေ့သိပ္ပံဗဟိုဌာန (Seed Science Center, College of Agriculture and Life Sciences, Iowa State University, USA) စိုက်ပျိုးမွေးမြူရေးနှင့် သက်ရှိသိပ္ပံကောလိပ်၊ အိုင်အိုဝါပြည်နယ်တက္ကသိုလ်၊ အမေရိကန်နိုင်ငံ။

**(က-၂)** မျိုးစေ့သိပ္ပံနှင့်နည်းပညာဌာနစိတ် (Seed Science and Technology Division, Faculty of Agriculture, Life and Environmental Sciences, Zhejing University, China)၊ စိုက်ပျိုးမွေးမြူရေး၊ သက်ရှိသိပ္ပံနှင့် ပတ်ဝန်းကျင်သိပ္ပံမဟာဌာန၊ ဇီဂျမ်းတက္ကသိုလ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ။

**(က-၃)** မျိုးစေ့သိပ္ပံနှင့်နည်းပညာဌာန (Department of Seed Science and Technology, Agricultural College and Research Institute, Tamil Nadu Agricultural University, India) စိုက်ပျိုးရေးကောလိပ်နှင့် သုတေသနဌာန၊ တမီးလ်နားဒူး စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်၊ အိန္ဒိယနိုင်ငံတို့ဖြစ်ပါသည်။

*စာမျက်နှာ ၁၇ သို့*

❁ **ဆရာကြီးတစ်ယောက်၏အဆိုအရ "နိုင်ငံတိုင်းတွင် မြက်ကို သီးနှံအနေဖြင့် တွင်ကျယ်စွာ မစိုက်ပျိုးနိုင်သေးပါက ခေတ်မီသော စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ရန် လိုနေပါသေးသည်"ဟု ဆိုမိန့်ခဲ့ဖူးပါသည်။ စားကျက်ပဲ အများစုကလည်း နှစ်ရှည်သီးနှံဖြစ်ရုံသာမက လေထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေး၍ (Nitrogen Fixation from the Air) မြေဆီဩဇာဓာတ်များ တိုးတက်စေပါသည်။ စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေးသုတေသနဌာနတို့တွင် စားကျက်သီးနှံဖွံ့ဖြိုးရေးကို ပြုလုပ်နေသည့် ပညာရှင်များမှာ မရှိသလောက် နည်းနေပါသေးသည်**

## သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေး



စိစစ်ရေးကတ်များ ကွင်းဆင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်၊ ပန်းခင်းစီမံချက် အကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ် ရရှိခြင်း

**သုံးခွ ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ဝန်ထမ်းများက "ပန်းခင်း" စီမံချက်အဆင့်(၃)ဖြင့် ပျဥ်းမကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၁၁ ရက်က နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးသည်။

ဦးစွာ မြို့နယ်(လဝက) ဦးစီးမှူး ဦးထွန်းဆွေက နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်၊ ပန်းခင်းစီမံချက် အကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ် ရရှိခြင်းကြောင့် ရရှိမည့်အခွင့်အရေး၊ အကျိုးကျေးဇူးများ၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ မပျောက်ပျက်အောင် စနစ်တကျ ထိန်းသိမ်းရန် လိုအပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**တင်ဝင်းတင်**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၁၃**

အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့က စက်ရုံများအရောက် Mobile Training Bus ဖြင့် ဒီဇင်ဘာ ၁၂ ရက်က စတင်ကာ စက်ရုံလေးရုံတွင် ကွင်းဆင်းလှည့်လည်ဟောပြောသည်။



ထိုသို့ကွင်းဆင်း ဆောင်ရွက်ရာတွင် ဒဂုံမြို့သစ်ခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်နှင့် ဦးစီးအရာရှိ ဦးအောင်မြတ်သူတို့က ခုနှစ်အလိုက် အလုပ်ရုံများအက်ဥပဒေ၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက်အက်ဥပဒေ၊ အခကြေးငွေပေးချေရေးဥပဒေတို့ပါ အလုပ်သမားများ၏ ရပိုင်ခွင့်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ရွာသာကြီး(အကြီးစား) စက်မှုဇုန်ရှိ Huayin Tj Denim Co.,Ltd. အထည်ချုပ်စက်ရုံ၊ White OWL Fashion အထည်ချုပ်စက်ရုံ၊ ရွာသာကြီး(အလတ်စား) စက်မှုဇုန်ရှိ Golden KTK အထည်ချုပ်စက်ရုံနှင့် ရွာသာကြီး(အသေးစား) စက်မှုဇုန်ရှိ TOMO စားသောက်ကုန်ထုတ်လုပ်ရေး စက်ရုံတို့သို့ Mobile Training Bus အသုံးပြု၍ စက်ရုံများအရောက် အသိပညာပေးဆွေးနွေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်အတွင်း မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှု လျော့ကျစေရေး၊ အမှိုက်စွန့်ပစ်မှု အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရေး အသိပညာပေး လက်ကမ်းစာစောင်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်နိုင်ဝင်းနှင့် ဝန်ထမ်းများက ဒီဇင်ဘာ ၁၀ ရက်တွင် လူစည်ကားရာ နေရာများ၌ အခမဲ့ဖြန့်ဝေပေးစဉ်။ မြို့နယ်(ပြန်/ဆက်)



သန်လျင်မြို့နယ်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နှမ်းစပါး စိုက်ပျိုးမည့် ကျေးရွာလေးရွာမှ တောင်သူများအား ဒီဇင်ဘာ ၁၂ ရက်က ရုံးသပြေကန်ကျေးရွာ၌ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်သမဝါယမအသင်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက နှမ်းစပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆွေးနွေးမှာကြားစဉ်။ သန်းဝင်း(သန်လျင်)

*စာမျက်နှာ ၁၆ မှ*

**(ခ) စားကျက်သီးနှံဌာန (Department of Pasture Science)**

ဆရာကြီးတစ်ယောက်၏ အဆိုအရ **"နိုင်ငံတိုင်းတွင် မြက်ကို သီးနှံအနေဖြင့် တွင်ကျယ်စွာ မစိုက်ပျိုးနိုင်သေးပါက ခေတ်မီသော စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ရန် လိုနေပါသေးသည်"** ဟု ဆိုမိန့်ခဲ့ဖူးပါသည်။ စားကျက်ပဲ အများစုကလည်း နှစ်ရှည်သီးနှံဖြစ်ရုံသာမက လေထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေး၍ (Nitrogen Fixation from the Air) မြေဆီဩဇာဓာတ်များ တိုးတက်စေပါသည်။ စိုက်ပျိုးရေးဌာနနှင့် စိုက်ပျိုးရေးသုတေသနဌာနတို့တွင် စားကျက်သီးနှံဖွံ့ဖြိုးရေးကို ပြုလုပ်နေသည့် ပညာရှင်များမှာ မရှိသလောက် နည်းနေပါသေးသည်။

စိုက်ပျိုးရေးတက္ကသိုလ်တွင် ဒေါက်တာအေးအေးခိုင် ဦးဆောင်၍ စားကျက်သီးနှံ မဟာသိပ္ပံသုတေသန အနည်းငယ်လုပ်နေပါသော်လည်း ကျောင်းသား ကျောင်းသူများက မိခင်ဌာနသို့ ပြန်ရောက်သောအခါ စားကျက်သီးနှံကို တစိုက်မတ်မတ် မလုပ်ရတော့ပါ။ **စားကျက်ကို မွေးမြူရေးဌာနရှုထောင့်မှ ကြည့်သလို စားကျက် အပင်မျိုးသစ်များ မွေးမြူရေး၊ မြက်နှင့်စားကျက် သဟဇာတဖြစ်မှု (Adaptability Trials of Grasses and Legumes)၊ မီးလောင်ဒဏ်ခံ (Fire-resistant)၊ လွှတ်ကျောင်းဒဏ်ခံ (Grazing Tolerant)၊ မိုးခေါင်ဒဏ်ခံ (Drought Tolerant Plants) မျိုးများမျိုးစပ်မွေးမြူသည့် (Plant Breeding) အစီအစဉ်ကို စိုက်ပျိုးရေးဘက်က ပြုလုပ်ကြရပါဦးမည်။**

နမူနာအနေဖြင့် စားကျက်သီးနှံသိပ္ပံသီးခြားဌာနရှိသော နာမည်ကြီးတက္ကသိုလ် အချို့မှာ –

**(ခ–၁)** မြက်ခင်းဆိုင်ရာကောလိပ် (College of Grassland Agriculture, North West A&F University, China) အနောက်မြောက် စိုက်ပျိုးရေးနှင့် သစ်တောတက္ကသိုလ်၊ တရုတ်နိုင်ငံ(မြက်ခင်း၏ အဓိပ္ပာယ်က ကျွဲ၊ နွားအစာမြက်များ၊ ပဲမျိုးများ၊ အခြားအပင်များအပြင် သဘာဝမြက်ခင်းပြင်များ (Natural Grasslands Conservation) ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေါက်ကွင်း၊ ပန်းခြံများရှိမြက်များ (Turf Grass) အားလုံးပါဝင်ပါသည်။ ကျွန်တော်တို့နိုင်ငံတွင် လေ့လာ၊ သုတေသနပြုစရာ ဘာသာရပ်များစွာ လိုပါသေးသည်)

**(ခ–၂)** စားကျက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု၊ အပူပိုင်းဒေသ စားကျက်သီးနှံများဌာန (Pasture Management and Tropical Forage Crops Unit, School of Agriculture, The University of Queensland, Australia) စိုက်ပျိုးမွေးမြူရေးအဆင့်မြင့်ကျောင်း၊ ကွင်းစလန်တက္ကသိုလ်၊ ဩစတြေးလျနိုင်ငံ။

**(ခ–၃)** စားကျက်မြေနှင့် စားကျက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းဌာနစိတ် (Range, Pasture and Forage Crops Section, Department of Agronomy, Institute of Agriculture and Natural Resources, University of Nebraska–Lincoln, US) လယ်ယာသီးနှံဌာန၊ စိုက်ပျိုးမွေးမြူရေးနှင့် သဘာဝအရင်းအမြစ်များဌာနကြီး၊ နီဘရာစကာ တက္ကသိုလ်၊ အမေရိကန်နိုင်ငံ။

**(ဂ) ပေါင်းသိပ္ပံပညာဌာန (Department of Weed Science)**

လယ်ယာနှင့် ဥယျာဉ်ခြံသီးနှံမျိုးစုံကို အထွက်တိုးရန်အတွက် နှောင့်ယှက်ဖျက်ဆီးသော ပိုးမွှားနှင့် အပင်ရောဂါများ (Insect Pests and Plant Diseases) အပြင် ပေါင်းပင်များ (Weeds) ကိုလည်း သီးခြားဘာသာ၊ ဌာနတစ်ခုအနေဖြင့် နိုင်ငံတကာတက္ကသိုလ်အချို့တွင် သင်ကြားလေ့လာလေ့ ရှိပါသည်။ နမူနာတက္ကသိုလ်များမှာ –

**(ဂ–၁)** ပေါင်းသိပ္ပံဌာန (Department of Weed Science, College of Agriculture and Life Sciences, Texas A&M University, US) စိုက်ပျိုးမွေးမြူရေးနှင့်သက်ရှိသိပ္ပံကောလိပ်၊ တက္ကဆက်စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုတက္ကသိုလ်၊ အမေရိကန်နိုင်ငံ။

**(ဂ–၂)** ပေါင်းသိပ္ပံဌာန (Department of Weed Science, Faculty of Agriculture, Zagreb University, Croatia) စိုက်ပျိုးမွေးမြူရေးမဟာဌာန၊ ဇာဂရက်တက္ကသိုလ်၊ ခရိုအေးရှားနိုင်ငံ။

**(ဂ–၃)** ပေါင်းသိပ္ပံ၊ ကိုမိလဗေဒနှင့် အပင်ရောဂါဌာနကြီး (Institute of Weed Science, Entomology and Plant Pathology, University of Philippines–Los Banos (UPLB), The Philippines) စိုက်ပျိုးမွေးမြူရေးနှင့် အစားအစာသိပ္ပံကောလိပ်၊ ဖိလစ်ပိုင်တက္ကသိုလ်၊ လော့ဘားညို့၊ ဖိလစ်ပိုင်နိုင်ငံ စသည့် တက္ကသိုလ်များတွင် တွေ့ရှိရပါသည်။

**(ဃ) လယ်ယာသီးနှံဂေဟဗေဒဌာန (Department of Agroecology)**

ပြောင်းလဲလာသော ရာသီဥတု (Climate Change) နှင့်အညီ စိုက်ပျိုးရေးနှင့် ပတ်ဝန်းကျင်ဆက်စပ်မှု (Crops and Environment Relation–ships)၊ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးရေး (Climate Smart Agriculture – CSA)၊ ရေရှည်တည်တံ့နိုင်သော စိုက်ပျိုးမွေးမြူရေး (Sustainable Agriculture) တို့သည် သီးနှံမျိုးစုံကို အထွက်တိုးရန်နှင့် အရည်အသွေးကောင်းမွန်ရန်အတွက် ဤဌာန၊ ဤဘာသာရပ်တို့ အရေးပါလာပါသည်။ နမူနာတက္ကသိုလ်များမှာ –

**(ဃ–၁)** သီးနှံဂေဟဗေဒဌာန (Department of Agroecology, Faculty of Natural Science, Aarhus University, Denmark) သဘာဝသိပ္ပံ မဟာဌာန၊ အာဟပ်စ်တက္ကသိုလ်၊ ဒိန်းမတ်နိုင်ငံ ။

**(ဃ–၂)** သီးနှံဂေဟဗေဒအုပ်စု (Agroecology Group,Faculty of Agricultural Science,George–August University, Germany) စိုက်ပျိုးမွေးမြူရေးသိပ္ပံမဟာဌာန၊ ဂျော့ဩဂတ်စ်တက္ကသိုလ်၊ ဂျာမနီနိုင်ငံ။

**(ဃ–၃)** သီးနှံဂေဟဗေဒနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဌာန (Department of Agroecology and Rural Development, University of Sao Paulo, Brazil) စိုက်ပျိုးမွေးမြူရေးကောလိပ်၊ ဆာအိုပိုလိုတက္ကသိုလ်၊ ဘရာဇီးလ်နိုင်ငံ စသည်တို့ နမူနာကြည့်ရှုနိုင်ပါသည်။

**(င) နောက်ဥပမာတစ်ခုမှာ** – တရုတ်နိုင်ငံ၊ ယူနန်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် (Yunnan Agri–cultural University, Kunming) အောက်ရှိ လယ်ယာသီးနှံနှင့် ဇီဝနည်းပညာကောလိပ်(College of Agriculture and Biotechnology) ကြီးကြပ်မှုအရ ပုံမှန်လယ်ယာသီးနှံ ဘာသာရပ်အပြင် တရုတ်ဆေးဖက်ဝင်အပင်များဌာန (Department of Chinese Medicinal Herbs and Plant Science) ရှိ တရုတ်တိုင်းရင်းဆေးများကို ဆေးပညာကောလိပ်အောက်ရှိ ကုသရေးဌာနများနှင့် ပူးပေါင်းပြီး လူနာများကို လက်တွေ့ကုသပေးနေသည်မှာ အလွန်အားကျဖွယ် ကောင်းလှပါသည်။

**(နောက်ဆောင်းပါးများတွင် B – ယခင် Depart–ment of Agricultural Botany ယခု Department of Plant Breeding, Physiology and Ecology ဌာနနှင့် ဆက်စပ်ဘာသာများ၊ C – ယခင် Depart–ment of Agricultural Chemistry ယခု Department of Soil and Water Science ဌာနနှင့်ဆက်စပ်ဘာသာများစသည်ဖြင့် ဆက်လက်ဆွေးနွေးပါမည်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု လိုက်လံကြည့်ရှု

**မုံရွာ ဒီဇင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ စစ်ကိုင်းခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယမန်နေ့မွန်းလွဲပိုင်းက စစ်ကိုင်းစက်မှုဇုန်ရှိ မဟာနီလာ ကုမ္ပဏီနီဖန်း EV ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက နှစ်ဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် တပ်ဆင်နေမှုများ၊ တပ်ဆင်ပြီးစီးမှု ဆိုင်ကယ်များနှင့် ဆိုင်ကယ်ဘရိတ်ရှူး ထုတ်လုပ်နေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသသည်။

**ပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူ**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုက်လံရှင်းလင်းပြသမှုများအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ထုတ်လုပ်တပ်ဆင်ပြီး ဆိုင်ကယ်များကို ပြည်တွင်းရှိ ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေးတို့ကို မှာကြားခဲ့သည်။



**ကုန်ချောထုပ်ပိုးထားရှိမှု လိုက်လံကြည့်ရှု**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းစက်မှုဇုန်ရှိ တစ်ရက်လျှင် ပီနံအိတ်မျိုးစုံ ၉၀၀၀၀ ဝန်းကျင်နှင့် ချည်လုံး ၁၀၅ လုံးပါ ဖာ ၆၀ ထုတ်လုပ်နေသည့် မန္တလေးငွေတောင်ပီနံအိတ်နှင့် ချည်လုံးထုတ်လုပ်ရေး စက်ရုံသို့ရောက်ရှိရာ စက်ရုံတာဝန်ခံက ပီနံအိတ်အမျိုးမျိုးနှင့် ချည်လုံးထုတ်လုပ်နေမှုအဆင့်ဆင့်တို့ကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းပြသမှုများအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ပြီး ကုန်ကြမ်းသိုလှောင်ထားရှိမှုများနှင့် ကုန်ချောထုပ်ပိုးထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

**စက်ရုံအတွင်း ကြည့်ရှု**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းစက်မှုဇုန်ရှိ စစ်ကိုင်းမြို့နယ်အနီးဝန်းကျင်ရှိ ပြည်သူ ၁၂၀၀ အား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေသည့် တစ်ရက်လျှင် ကွန်ပျူတာဆက်စပ်ဝိုင်ယာကြိုးနှင့် ဖုန်းအားသွင်းကြိုး ၉၀၀၀၀ ထုတ်လုပ်နေသည့် ကျင်းရှင်းနည်းပညာ စစ်ကိုင်းကုမ္ပဏီလုပ်ငန်းခွင်သို့ ရောက်ရှိရာ စက်ရုံတာဝန်ခံက ဝိုင်ယာကြိုးအမျိုးမျိုး ထုတ်လုပ်နေမှုများနှင့် ထုပ်ပိုးနေမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ပြီး စက်ရုံအတွင်း ကုန်ကြမ်းသိုလှောင်ထားရှိမှုနှင့် ကုန်ချောထုပ်ပိုးထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီလုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး ဒီဇင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၂၄) ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ရခြင်းဖြစ်၍ တိုင်းဒေသကြီးကော်မတီအနေဖြင့် ပိတ်သိမ်းသင့်သည့်အမှုတွဲများ အပြီးသတ်ပိတ်သိမ်းနိုင်ရေးနှင့်သိမ်းဆည်းခံ မူလပိုင်ရှင်များထံ လက်ဝယ်ပြန်လည်ရရှိရေး ချမှတ်ထားသည့် မူဝါဒ(၅၂) ချက်နှင့်အညီ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြန်လည်စွန့်လွှတ်သည့် မြေများအား သက်ဆိုင်သူလက်ဝယ်သို့ လုပ်ငန်းစဉ် (၉) ရပ်နှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပြီး သိမ်းဆည်းခံလယ်ယာမြေနှင့် အခြားမြေများ ပြန်လည်လျှောက်ထားမှုများနှင့်ပတ်သက်၍ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နောက်ပိုင်း မြေသိမ်းဆည်းမှုများကိုသာ စိစစ်ဖြေရှင်းပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဆင့်ဆင့်သော စိစစ်ရေးကော်မတီဝင်များသည် ပြဋ္ဌာန်းထားပြီးဖြစ်သော ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း သမာသမတ်ကျကျ စိစစ်ဆောင်ရွက်ပေးရန် အရေးကြီးကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက တင်ပြစာပါ အမှုတွဲ (၄၈)တွဲ၏ အောက်ခြေမြေပြင်တွင် ကွင်းဆင်းဖြေရှင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သုံးသပ်တင်ပြခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကမ္ဘောဒီးယားနိုင်ငံ O SMACH မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားလေးဦးအား ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ O SMACH မြို့၌အလုပ်လုပ်ကိုင်စဉ် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မသဇင်မျိုးညွန့်အပါအဝင် နိုင်ငံသားလေးဦးတို့ကို အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးသည် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမြို့မှ ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားများ ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရပါက မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ပြန်လည်ရောက်ရှိလာသည့် နိုင်ငံသားများနှင့် မိဘဆွေမျိုးများသည် ယခုကဲ့သို့ ကူညီဆောင်ရွက်ပေးမှုအတွက် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ- ကနူး**

# မရမ်းကုန်း မြို့သစ်(၆) လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် မြို့သစ်(၆) လမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းသစ်၌ ကျင်းပသည်။

လမ်းသစ်ဖွင့်ပွဲသို့ မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ လမ်းတံတားတာဝန်ခံ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်ဝင်းမြင့်၊ ရာအိမ်မှူးများနှင့် ရပ်မိရပ်ဖများက လမ်းအရှည် ပေ ၁၀၅၀၊ အကျယ် ပေ ၂၀၊ ဒုခြောက်လက်မရှိသော လမ်းသစ်ကိုဖွင့်လှစ်ပေးခဲ့ပြီး မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ လမ်းတံတားတာဝန်ခံက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာလင်း**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ (ပဉ္စမအကြိမ်) လုပ်ငန်းညှိနှိုင်း



**ပုသိမ် ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ (ပဉ္စမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂) ၌ ကျင်းပသည်။ (ဝဲပုံ)

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်က အမှာစကား ပြောကြားသည်။ ထို့နောက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဦးသန်းမြင့်က ကော်မတီ၏ လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ထားရှိမှုများ၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## ဒက္ခိဏသီရိမြို့နယ်၌ ကျေးလက်လမ်းဆောင်ရွက်နေမှု စစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁၃**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေနှင့် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသော ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကျေးလက်လမ်းတည်ဆောက်ခြင်း လုပ်ငန်းခွင်များသို့ ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ပြည်ထောင်စုနယ်မြေ နေပြည်တော်တိုင်းတာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်ဦးတို့က ခရိုင်/မြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ လမ်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဖျာပုံမြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာ(၁၀)ဧက စံပြကွက် မျိုးစေ့ချပွဲပြုလုပ်

**ဖျာပုံ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ တောင်သူ ဦးအေးကို၏ စံပြကွက်လယ်မြေ ၁၀ ဧက၌ ဆီထွက်သီးနှံဆောင်းနေကြာ စူပါဆန်း (၄၁) မျိုးစေ့ချ စိုက်ပျိုးပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက်ပိုင်းက ပြုလုပ်သည်။



အဆိုပါ မျိုးစေ့ချပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံ တောင်သူများတက်ရောက်ကြပြီး ဖျာပုံမြို့နယ် အောက္ကဘာကျေးရွာ တောင်သူ ဦးအေးကို၏ လယ်မြေ ၁၀ ဧက စံပြစိုက်ခင်းတွင် ဆီထွက်သီးနှံ ဆောင်းနေကြာ စူပါဆန်း (၄၁) မျိုးစေ့ချစိုက်ပျိုးပွဲ ပြုလုပ်ကြ သည်။

**ခရိုင် (ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ ကျောင်းကျန်းမာရေးလုပ်ငန်း အရှိန်အဟုန်မြှင့်တင်ရေး စကားဝိုင်းကျင်းပ

**အိမ်မဲ ဒီဇင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးဌာန မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဦးဆောင်ညွှန်ကြားမှုဖြင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရေးစကားဝိုင်းကို အ-ထ-က(ခွဲ )တကော၌ ယမန်နေ့က ကျင်းပသည်။

အဆိုပါ စကားဝိုင်းတွင် ဦးဆောင်လမ်းဆွေးနွေးသူအဖြစ် အင်းမ ကျေးလက်ကျန်းမာရေးဌာနမှ အမျိုးသမီး ကျန်းမာရေးဆရာမ ဒေါ်လှိုင်နွယ်နွယ်ထွန်းက ဆောင်ရွက်ခဲ့ပြီး အထက(ခွဲ) တကောမှကျောင်းအုပ်ဆရာမကြီး ဒေါ်ရည်မွန်ဇော်က ကျောင်းတွင်းကူးစက်ရောဂါကာကွယ်ရေးနှင့် ကာယလုပ်ငန်းများ အကြောင်း ဆွေးနွေးခဲ့ပြီး တကောအုပ်ချုပ်ရေးမှူး ဦးကျော်လင်းအောင်က တကောကျေးရွာတွင် Green and Clean လုပ်ငန်းများဆောင်ရွက်နေမှုအကြောင်းတို့ကို ဆွေးနွေးခဲ့ကြသည်။ **အိမ်မဲ (ပြန်/ဆက်)**




## မှော်ဘီမြို့နယ်၌ ဘင်ခရာသင်တန်းဆင်း

**မှော်ဘီ ဒီဇင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ဘင်ခရာသင်တန်းဆင်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်က အခြေခံပညာအထက်တန်းကျောင်း (တပ်ကြီးကုန်း)၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးသက်အောင်က အမှာစကားပြောကြားသည်။ ဆက်လက်၍ ဘင်ခရာ သင်တန်းသားသင်တန်းသူများကို တာဝန်ရှိသူများက ဘင်ခရာသင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီး အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မှော်ဘီ)**



## မတ္တရာမြို့နယ်ရှိ စကျင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူ သုံးဦးသေဆုံးပြီး ကျေးရွာများကို ဆက်တိုက်မီးရှို့ဖျက်ဆီးနေဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်ရှိ စကျင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကလေးငယ် တစ်ဦးအပါအဝင် ပြည်သူ သုံးဦးသေဆုံးပြီး ကျေးရွာများကို ဆက်တိုက် မီးရှို့ဖျက်ဆီးနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေကြောင်း သိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါ ကျေးရွာအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းမျိုး မရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် နယ်မြေ တည်ငြိမ်အေးချမ်းရေးအတွက် PDF အမည်ခံအကြမ်း




ဖက်သမားများ ခိုအောင်းစုဝေးနေသောနေရာများကိုသာ နယ်မြေရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာများကို အကြောင်းမဲ့ မီးရှို့ဖျက်ဆီးခြင်း မရှိကြောင်း၊ အကြမ်းဖက်နှိမ်နင်းရေး လုပ်ငန်းစဉ်များကိုလည်း လုပ်ထုံးလုပ်နည်းအတိုင်း ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်အဖွဲ့များ အနေဖြင့် ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ပြည်သူများကို အကြောက်တရားဖြင့် အုပ်ချုပ်မှုရယူနိုင်ရန်အတွက် ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများအား ရက်ရက်စက်စက် သတ်ဖြတ်ခြင်းများကို ဥပဒေမဲ့ဆောင်ရွက်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် နယ်မြေအေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အပေါ် ပြည်သူများက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိတ္ထီလာခရိုင်၌ မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဆင်း

**မိတ္ထီလာ ဒီဇင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ မီးဘေးလုံခြုံရေးအထူးကျွမ်းကျင်မှု (Fire Safety Specialist Course) ဆင့်ပွားသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၁၃ ရက်က မိတ္ထီလာမြို့နယ်မီးသတ်စခန်း၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် မီးဘေးအန္တရာယ်အကြောင်းနှင့် မီးဘေးလုံခြုံရေးဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့လုပ်ငန်းတာဝန်နှင့် အနာဂတ်စိန်ခေါ်မှုများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စသည်ဖြင့် ခေါင်းစဉ် ၁၈ မျိုးတို့ကို ခရိုင်အတွင်းမှမီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၂၀ တို့ကို ငါးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## ဒု-ဦးစီးမှူး(စက်/လျှပ်)/(မြို့ပြ)ရာထူးနေရာများအတွက် ရွေးချယ်ခံရသူများစာရင်းထုတ်ပြန်ခြင်း

ကြော်ငြာစာအမှတ် ( ၄ / ၂၀၂၄ )

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ( ၁၄ )ရက်

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ ၁၇.၉.၂၀၂၄ ရက်စွဲပါကြော်ငြာစာအမှတ်(၃/၂၀၂၄)ဖြင့် ကြော်ငြာခေါ်ယူခဲ့သည့် ဒု-ဦးစီးမှူး(စက်/လျှပ်)/ (မြို့ပြ) ရာထူး ၇၂ နေရာအတွက် အတည်ပြုရွေးချယ်ခံရသူများ၏ ခုံအမှတ်များအား အောက်ဖော်ပြပါ အတိုင်းကြေညာလိုက်သည် -

EP – 1, 2, 3, 5, 6, 7, 8, 9, 10, 11, 12, 13, 14, 15, 16, 17, 18, 19, 20, 21, 22, 24, 25

EC – 1, 3, 4, 6, 10

M – 1, 2, 4, 5, 6, 7, 8, 12, 13

Civil– 1, 2, 4, 5, 6, 7, 8, 9, 10, 11

၂။ ရွေးချယ်ခြင်းခံရသူများသည် စီမံခန့်ခွဲရေးဌာန၊လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော် (ဖုန်း-၀၆၇-၄၁၀၀၀၆၆)သို့ ၁၈.၁၂.၂၀၂၄ ရက် ရုံးချိန်အတွင်း လူကိုယ်တိုင် သတင်းပေးပို့ရမည်ဖြစ်သည်။ သတင်းပို့ရန်ပျက်ကွက်သူများနှင့် အကြောင်းအမျိုးမျိုးကြောင့် တာဝန် ထမ်းဆောင်ခြင်းမပြုနိုင်သူများ၏ ရာထူးနေရာများ၌ ဝန်ထမ်းရွေးချယ်ခန့်ထားရေးတန်းစီဇယား အမှတ်စဉ်အတိုင်း အစားထိုးဖြည့်စွက်ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၃။ အဆိုပါ ရွေးချယ်ခံရသူများ၏ခုံအမှတ်စာရင်းအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန Website www.moep.gov.mm တွင် ကြည့်ရှုနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**

## "ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဘောဂရပ်ကွက်၊ ဘောဂ(၂)လမ်း၊ ခြံအမှတ်(၃၅-B)၊ ဧရိယာ(၂၀ x ၈၀)ပေ ရှိသောခြံမြေကွက်နှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ မြေပိုင်ရှင် ဦးစိုးကိုကိုအောင်(ဘ)ဦးအောင်ကိုမြင့် ၁၂/မဂဒ(နိုင်)၁၄၁၀၇၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်တင်ဝင်း (ဘ)ဦးသိန်း ၇/သနပ(နိုင်)၀၆၈၉၈၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ အထောက်အထားခိုင်လုံစွာဖြင့်(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခွန်ကျော်မြင့်လှိုင် — ဒေါ်ဖြူစင်ဝင်း

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၁၄၄) — အထက်တန်းရှေ့နေ(စဉ်-၄၆၀၀၃)

အမှတ်-၅၅(ပထမထပ်၊ အခန်း-၂၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၇၆ ၅၁၅ ၈၆၄၃၊ ၀၉ ၄၃၀ ၈၄၅၁၀၊ ၀၉ ၉၆၂၆ ၃၅၈ ၃၂

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ-၁ နှင့် ၅)
## ပျဉ်းမနားခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၂

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် နှင့် ဒေါ်တင်တင်လှိုင်

(ပျဉ်းမနားဘဏ်ခွဲ)( ၎င်းကိုယ်စား မန်နေဂျာ ဒေါ်စုမြတ်မွန်)

(တရားလို) (တရားပြိုင်)

ဒေါ်တင်တင်လှိုင်(ဘ)ဦးတင်အောင်၊ မြေကွက်အမှတ်(၂၅-B)၊ သီရိလမ်း၊ ပါရမီတံတားအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ် လိပ်စာမသိသူ) နေသူ သိစေရမည်။

သင့်အပေါ်၌တရားလိုက "စာရင်းပိုထုတ်ချေးငွေအရင်းနှင့် အတိုးငွေ (၁၈၁၅၁၉၁၆၄.၄၆/-)ကျပ်အတွက် အပေါင်ဒီကရီရလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သန္တာညွန့်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ပျဉ်းမနားခရိုင်တရားရုံး

## ဖခင်အမည်မှန်

အင်္ဂပူမြို့နယ်၊ အထက(ခွဲ) ဘုရားငုတ္တို Grade (9)မှ နော်အယ် ဘလုမူးနှင့် အမက ဘုရားငုတ္တို (မန်း) Grade (3) မှ စောအယ်ဟဲ ဂေးတို့၏ ဖခင်အမည်မှန်မှာ စောအယ် ဖရားမူး ၁၄/အဂပ(နိုင်)၁၃၃၉၁၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အထက(၁) မအူပင် Grade-11(B)မှ မနှင်းယမုံဦး၏ဖခင်အမည်မှန်မှာ ဦးကျော်မင်း ၁၄/ညတန(နိုင်)၀၀၆၈၉၆ ဖြစ်ပါကြောင်း။

**ဦးကျော်မင်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၄၇

ဒေါ်အေးမိစံ နှင့် ဒေါ်ခင်ထွေး

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်(အ-၂/၃၁)(ဂ)ရပ်ကွက် သိစေရမည်။

တရားပြိုင် ဒေါ်ခင်ထွေး သင့်အပေါ်၌ တရားလို ဒေါ်အေးမိစံက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက် ၊အကွက်အမှတ်(လလ-၁၃)၊ ဦးပိုင်အမှတ်(၁၆)၊ ဧရိယာ(၀.၀၅၅၁)ဧက၏ အကျယ်အဝန်းရှိ ဒေါ်ခင်ထွေး အမည်ပေါက် ဂရန်မြေကွက် အားမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၉ရက်) နေ့ မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်-ဘုရားကုန်းအဆင့်-၁၊ ပေ ၁၈၀လမ်းမဘေးရှိ စလစ်မြေအမျိုးအစားဖြစ်သော မြေကွက်အမှတ်-၇၄၆ ဟု ခေါ်တွင်သည့် အကျယ်ပေ (၄၀ x ၆၀)ရှိ ခြံမြေသည် သန်လျင်/ကျောက်တန်းမြို့နယ် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြေယာရုံးခွဲ(၁၅)တွင် ဦးဝင်းကို (SRM-005919)အမည်ဖြင့် မှတ်သားတည်ရှိပြီး ၎င်းထံမှ အရပ်ကတိစာချုပ်အစဉ်အဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော ရောင်းချသူ ဦးခင်မောင်မြင့်(ဘ) ဦးသန်းထွန်း (၁၂/သလန(ပြု)၀၀၃၅၉၆) ကိုင်ဆောင်သူက အဆိုပါခြံမြေသည် မိမိတစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဆက်ခံသူ မှီခိုသူကင်းရှင်းကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် ဦးမြင့်ကိုကို(ဘ)ဦးမွတ်တူး (၁၂/သလန(ပြု)၀၀၁၃၄၆)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းဝယ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးမြင့်ကိုကို**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သဲဆုဇာခြည်သိမ့်**
**LL.B,D.B.L,D.I.L,(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၄၆)**
**အမှတ်(၃၇)၊ T.T.U ရှေ့၊ သန်လျင်မြို့နယ်**
**ရန်ကုန်မြို့၊ ဖုန်း ၀၉-၄၄၅ ၉၇၉ ၁၂၆**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5G/7692 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၂၆-ည)၊ မြေဧရိယာ ၀ဒသမ ၀၅၆ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးထက်နေလင်း ၁၂/တကန(နိုင်)၁၇၃၄၃၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/49982, SHAYAN-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့်ဦး ၁၄/ဒဒရ(နိုင်)၂၀၁၄၃၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/2842, Toyota Alphard MNH 10, Micro Bus (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အေး ၁၂/စခန(နိုင်)၀၀၉၅၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၂၇-၅)၊ မြေဧရိယာ ၀ဒသမ ၀၆၂ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ခင်ညို(ခ)ဒေါ်ညိုထွန်း ပါ(၅)ဦး ၉/တကန(နိုင်)၀၀၄၄၉၂မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၀)ရေပုန်းကွင်း၊ ဦးပိုင်အမှတ်(၄၅)၊ မြေဧရိယာ ၀ ဒသမ ၀၄၃ ဧကအား မြေငှားဂရန်အမှတ်တွဲ အမှတ် ၁၃/၂၀၂၄-၂၀၂၅ အရ ဦးအောင်မြင့် အမည်ဖြင့်ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူ ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၁၇၂/၂၀၂၄)ဖြင့် ဦးကိုကိုဦး၊ ဒေါ်မြတ်မြတ်မျိုးဝေတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးကိုကိုဦး ၆/မအရ(နိုင်)၀၉၃၁၁၅၊ ဒေါ်မြတ်မြတ်မျိုးဝေ ၆/မမန(နိုင်)၁၆၂၇၆၉တို့မှ ဆက်လက်ဆောင်ရွက်သွားသည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာ တိုးချဲ့-၂၊ အကွက်အမှတ်-၂၄၅ရှိ ဒု၀မက ညီစိုး(ငြိမ်း)၊ (၁၁/စတန(နိုင်)၀၀၅၈၆၉) အမည်ပေါက်သောပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစိုးထွန်း (၉/မရမ(နိုင်)၀၄၄၆၆၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားစာရွက် စာတမ်းမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ(LL.B) (D.B.L)(D.M.L)(D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)**
**အမှတ်(၁၅/၉၁)၊ ဇာဝေယာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ကောလိယလမ်းနေ ES4E ကိုယ်ပိုင်အထက်တန်းကျောင်း Grade-1မှ (ဘ) ဦးသန်းဌေး၏သား မောင်ဟင်နရီစွမ်းဝေထက်အား ယနေ့မှစ၍ မောင်ဟင်နရီ ကျုံဇန်မှုန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟင်နရီ ကျုံဇန်မှုန်**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၅၆၂၈, Honda Wave 110 , m/c ယာဉ်လက်ဝယ်ရှိသူ စောသက်တင် ၁၂/လကန(နိုင်)၁၇၁၃၈၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေ ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/96223, WU Yang Honda 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဌေးအောင် ၁၄/ဝခမ(နိုင်)၁၄၄၄၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ် ၃၅၅၊ မြေကွက်တည်နေရာအမှတ်(၃၅၅)၊ ရှုပါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက် (ဦးတိုးကြည်)အမည်ပေါက် နှစ်(၆၀)မြေငှား စာချုပ်ဂရန်မြေအား ၁၂/ဗတထ(နိုင်)၀၀၈၀၁၂၊ ဂရန်အမည်ပေါက် ဦးတိုးကြည်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်သန်းရီ ၁၂/ဗတထ(နိုင်)၀၀၈၀၄၃ မှ တရားဝင်ဇနီး၊ မယားတော်စပ်ကြောင်း၊ အခြားသောခင်ပွန်း၊ ယောကျ်ားမရှိပါကြောင်း၊ ကွယ်လွန်သူ ခင်ပွန်းဖြစ်သူတွင် မိမိတစ်ဦးတည်းသာရှိပြီး၊ အခြားသောဇနီး၊ မယားတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ယင်းမြေကွက်ပေါ်ရှိအကျိုး ခံစားခွင့်အရပ်ရပ်အား မိမိသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံခွင့်ရှိသူဖြစ်ပြီး အခြားတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံ ကျမ်းကျိန်လွှာ (၂)စောင်၊ ခင်ပွန်းသေစာရင်း၊ ဂရန်၊ အိမ်ထောင်စုစာရင်း၊ နိုင်ကတ်တို့တင်ပြ၍ ဒေါ်ခင်သန်းရီမှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ အမှတ် (၅/၁၁)၊ ၃-လွှာ (အီး)နေ ဦးအောင်အောင်ထွန်း (၁၂/ကတတ(နိုင်)၀၂၆၅၀၄)၏ ဇနီးဖြစ်သူ ဒေါ်ဇင်မာဦး (၁၄/မမန(နိုင်)၂၂၉၄၂၄) နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စရပ်ကိုမဆို ဦးအောင်အောင်ထွန်းနှင့် မသက်ဆိုင်ပါကြောင်းနှင့် လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်အောင်ထွန်း**
**(၁၂/ကတတ (နိုင်)၀၂၆၅၀၄)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မင်္ဂလာသုခ(၁)လမ်း၊မြေကွက်အမှတ်(၁၃၃၂)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးတင်ထွဋ် (CE-066370)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေကွက်အနက်မှမြေကွက်အမှတ်(၁၃၃၁)နှင့် ကပ်လျှက်ရှိသောအကျယ်အဝန်း(၁၆ပေ× ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်စိုးယုယမော် (၁၂/ဒဂမ(နိုင်)၀၄၁၀၅၄)ထံမှကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက် နိုင်ပါသည်။ထိုရက်ကျော်လွန်ပါကအရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
Ph,09421746974 — အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)

## တက္ကသိုလ်နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် စိုက်ပျိုးရေးတက္ကသိုလ် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၂၅)ကြိမ်မြောက် ငွေရတုပူဇော်ကန်တော့ပွဲသို့ တက်ရောက်ရန် နှိုးဆော်ဖိတ်ကြားလွှာ

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရကျောင်းသားဟောင်းများက ကြီးမှူးကျင်းပသော အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား (၂၅)ကြိမ်မြောက် ငွေရတု ပူဇော်ကန်တော့ပွဲကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ တပည့်ကျောင်းသားဟောင်းများ တက်ရောက်နိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

**နေ့ရက်** - ၂၄-၁၂-၂၀၂၄ ရက်(အင်္ဂါနေ့)
**အချိန်** - နံနက် (၈) နာရီ
**နေရာ** - တက္ကသိုလ်စိန်ရတုခမ်းမဆောင်
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

**ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စေတုတ္တရာမြို့နယ်၊ အထက (စေတုတ္တရာ) ကျောင်း Grade-11မှ မထက်ထက်ထွေး၏ ဖခင်အမည် မှန်မှာ ဦးဘိုးလှ ၈/စတရ(နိုင်)၀၀၄၆၀၄ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ညောင်ခါးရှည်ရွာ၊ ပြည်မဟာ ကိုယ်ပိုင်အထက်တန်းကျောင်း (G-11)မှ မအိသန္တာထက်နှင့် မူလွန်-အလုပ် (G-5)မှ မနှင်းရတီလင်း၏ မိခင်အမည်မှန်မှာ ဒေါ်သန်းမော် ၇/ဝမန(နိုင်) ၁၁၉၈၆၄ ဖြစ်ပါကြောင်း။

## ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ( ၃ )ရပ်ကွက်၊ (၆၂)လမ်း၊ အမှတ် (၂၇)တွင် တည်ဆောက်ထားသည့် (၆)ထပ်တိုက်၏(မြေညီထပ်)ထပ်၊ ခေါင်းရင်းခန်း၊ အခန်းအမှတ်(၁၁)၊ အကျယ်အဝန်း ( ၁၂' ½ x ၅၂')ခန့်ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် တွယ်ကပ်ဆက်စပ်လျက်ရှိသည့်ပစ္စည်းများနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်ကြော်ငြာချက်

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခု ရောင်းချသူဖြစ်သော ဦးကျော်စိန် ၁၂/ဒပန(နိုင်)၀၀၂၄၇၉မှ ယခုရောင်းချသည့် တိုက်ခန်းသည် လူနေထိုင်ခွင့် (BCC) ရရှိပြီးတိုက်ခန်းဖြစ်ကြောင်း၊ မိမိမှတရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့် အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့် အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့် တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာ (LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၃၅၇၇၆)**
**အခန်းအမှတ်(308)၊ Office Tower (3), Time City,**
**ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄။**

### ဒေါ်ခင်လေးလေး၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်ဆွေထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၁၉)၏ (၁၂-၁၂-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၄) ပါ "ဒေါ်ခင်လဲ့ဝေ (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၉၁)၏ (၁၀-၁၂-၂၀၂၄) ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၆)နှင့် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၉)ပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း၊ သတင်းစာကြော်ငြာများအား ပြန်လည်ရုပ်သိမ်းပေးပါရန် အများသိစေရန်ကြေညာခြင်း" အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းလယ်ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ်(၃၁/က) နေ ဦးတင်ဝင်း ၁၂/ရကန (နိုင်)၀၂၀၉၀၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ပြန်လည် ရှင်းလင်းကြေညာအပ်ပါသည်-

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၃-၃-၂၀၂၄)ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၅၁/၂၀၂၄)အား (၁၀-၁၂-၂၀၂၄)ရက်တွင် ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခဲ့သည်မှာ ဒေါ်ကျင်သန်း(၁၂/ကမရ(နိုင်)၀၄၁၉၂၀)၏ ဆန္ဒအရနှင့် မိသားစုဝင်များဖြစ်သော သားဖြစ်သူ ဦးတင်ဝင်း၊ ဦးနိုင်ဝင်းနှင့် မြေးဖြစ်သူဦးသန်းဇော်တို့၏ညွှန်ကြားချက်အတိုင်း ထည့်သွင်းကြော်ငြာခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင် ပြန်လည်ရုပ်သိမ်းနိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ရန် ဒေါ်ကျင်သန်း၏ ကျန်းမာရေးအခြေအနေကို စောင့်ဆိုင်းနေဆဲသာ ဖြစ်ပါသည်။ လူကြီးမင်းမှ ဒေါ်ခင်လေးလေး၏ လွှဲအပ်ညွှန်ကြားချက်အရ (၁၂-၁၂-၂၀၂၄) ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြကြေညာခဲ့သည့်အတိုင်း ကျွန်ုပ်မှ မမှန်မကန်ကြေညာခဲ့ခြင်း လုံးဝမဟုတ်ပါ။ ဒေါ်ကျင်သန်း၊ ဒေါ်ကျင်သန်း၏ မိသားစုဝင်များဖြစ်သော သားဖြစ်သူ ဦးတင်ဝင်း၊ ဦးနိုင်ဝင်းနှင့် မြေးဖြစ်သူ ဦးသန်းဇော်တို့၏ လွှဲအပ်ညွှန်ကြားချက်၊ သဘောတူညီချက်များအရ ထည့်သွင်းကြေညာခဲ့ခြင်းသာဖြစ်ပါကြောင်း ဒေါ်ခင်ဆွေထွန်း (တရားလွှတ်တော်ရှေ့နေ)နှင့် အများသိစေရန်အတွက် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဦးတင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လဲ့ဝေ (LL.B., D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၉၁)**
**အမှတ်-၁၃၊ ဆေးရိုးတန်းလမ်း၊ ဆေး/ငြိမ်းရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ် (၂၁၉/ခ)၊ အကျယ်အဝန်း(၂၀x၆၀)ပေ၊ ဧရိယာ (၀.၀၂၉)ဧကရှိ ဒေါ်သန်းသန်းနွယ် (၁၂/ကမရ(နိုင်) ၀၀၆၆၀၀) (B/RGN-015277)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်(မြေငှားဂရန်)နှင့် ယင်းမြေကွက်နှင့် သက်ဆိုင်သည့်အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဂရန်မြေအမည်ပေါက်ဖြစ်သူ ဒေါ်သန်းသန်းနွယ်မှ မိမိတစ်ဦးတည်းသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်းဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်နိုင် (၁၂/လမတ(နိုင်)၀၀၀၇၉၆)မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စရပ်နှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြမြူးမဥ္ဇူ (LL.B.,D.B.L.,D.I.P.L.)**
**အထက်တန်းရှေ့ နေ (စဉ်-၅၀၇၇၃)**
**အမှတ်(၆၀)၊ (၆)လမ်း၊ (၂) ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ Ph: 09-420705475, 09-420030686**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ၂၃ ရပ်ကွက်၊ စက်မှုဇုန်-၁၊ မော်လမြိုင်လမ်း၊ အမှတ်- ၁၆၉၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-ဇုန်)၊ မြေကွက်အမှတ်(၁၆၉)ရှိ ဦးဟန်ထွန်း (MMN-543996)အမည်ပေါက်သော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးကြည် (၁၂/ဗတထ(နိုင်)၀၃၅၃၅၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ(LL.B) (D.B.L)(D.M.L)(D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)**
**အမှတ်(၁၅/၉၁)၊ ဇာဝေယာလမ်း၊ (င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

### သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ (Open Tender ) ခေါ်ယူခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကျေးလက်လမ်းလုပ်ငန်း(၂)ခု ဆောင်ရွက်မည်ဖြစ်ပါသဖြင့် အဆိုပါလုပ်ငန်းများအား ဘဏ္ဍာရေးနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ သို့ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန်** - (၂၃-၁၂-၂၀၂၄)ရက် (ရုံးချိန်အတွင်း)
(ခ) **အိတ်ဖွင့်တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက်** - (၃၁-၁၂-၂၀၂၄)ရက် ညနေ(၁၆:၀၀)နာရီ
(ဂ) **(PO/ကုမ္ပဏီဖွဲ့စည်းပုံ အခွန်ကင်းရှင်းကြောင်း အထောက်အထား/Bank Statement တင်ပြရမည့်နေ့** - (၁-၁-၂၀၂၅)ရက် (ရုံးချိန်အတွင်း)
(ဃ) **တင်ဒါ(A+B)စာအိတ်လက်ခံမည့် နေ့ရက်** - (၂-၁-၂၀၂၅)ရက်
(င) **တင်ဒါ(A+B)စာအိတ်ဖွင့်ဖောက် စစ်ဆေးမည့်နေ့ရက်** - ထပ်မံအကြောင်းကြားပါမည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြား ရေးမှူး(မြို့ပြ)ရုံး တယ်လီဖုန်းနံပါတ် (၀၉-၇၈၅၆၃၆၈၈၃၊ ၀၉-၂၆၅၁၁၁၂၁၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း လူကိုယ်တိုင်လာ ရောက်၍လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တယ်လီဖုန်း၊ ၀၉-၇၈၅၆၃၆၈၈၃၊ ၀၉-၂၆၅၁၁၁၂၁၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သီရိရောလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၉၀န၊ မြေကွက်အမှတ်-၃၂၇၊ အဆောက်အအုံအမှတ်-၁၄ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တိုက်အမှတ်- ၁၄/A၊ ပဉ္စမထပ် (၆လွှာ)၊ (တိုက်မျက်နှာမူလျှင်ဘယ်ဘက်ခြမ်း) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး (၁၅-၁၀-၂၀၁၃) ရက်စွဲပါမြေရှင်နှင့်ကန်ထရိုက်စာချုပ်အရ မြေပိုင်ရှင် ဦးသောင်းကြည် (၁၂/သဃက(နိုင်) ၁၀၃၂၃၄) မှ အကျိုးခံစားခွင့်ရရှိခဲ့ပြီး ဦးသောင်းကြည်သည် (၁၃-၁-၂၀၂၄) ရက်တွင် ကွယ်လွန်သွားသောကြောင့် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ခင်ခင်လှ (၁၂/သဃက(နိုင်)၁၀၃၂၃၆)က ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိခဲ့ပြီး ရောင်းချခွင့်ရှိကြောင်း အဆိုပြုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်သက်မာဖူး (၅/ယမပ(နိုင်)၀၈၅၄၂၁)က အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ ယခုရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့် အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီး မြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ - | |
|---|---|---|
| ဒေါ်သက်မာဖူး | ဒေါ်အေးသူဇာအောင် | ဒေါ်ယဉ်မျိုးထက် |
| (၅/ယမပ(နိုင်)၀၈၅၄၂၁) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၄၃) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၃၈) |

**အမှတ်-၇၇၊ ဦးပုညလမ်းနှင့် ဗိုလ်ကြာညွန့်လမ်းထောင့်၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၄၅၉၆၈၃၀၊ ၀၉-၇၉၉၅၆၁၅၇၄၊ ၀၉-၂၅၂၀၅၄၄၅၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၉ယ/၃၄၉၇၄, Honda Dream 125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးဖအေး ၆/ပလန (နိုင်)၀၇၇၀၃၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၃ယ/၁၆၅၈၈, Honda Click 125, M/C ယာဉ် လက်ဝယ်ရှိသူ ဦးကျော်အောင် ၁၄/ကလန(နိုင်) ၁၁၀၆၆၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ မြရည်နန္ဒာဈေးနှင့် စက်မှု-၂ဈေးရှိ ပျံကျဆိုင်နေရာများအား ကော်မတီပိုင်သိမ်းယူရန်အတွက် ကြော်ငြာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မဉ္ဇူလမ်း(၄၉-၅၀)လမ်းကြားတွင် တည်ရှိသည့် မြရည်နန္ဒာဈေးအတွင်း ၂၀၁၁ခုနှစ်တွင် ရဲမြန်မာဆောက်လုပ်ရေးကုမ္ပဏီမှဆောက်လုပ်၍ ရောင်းချခဲ့သည့် ပျံကျရုံ(၄)ရုံရှိ (၅'x၅') ဆိုင်ခန်းနေရာ ပေါင်း(၆၇၂)ခန်းအနက်မှ ယခုအချိန်အထိ ဈေးဖွင့်လှစ်ရောင်းချခြင်းမရှိသည့် ဆိုင်ခန်း(၃၂၆)ခန်းအားလည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကနောင်မင်းသားကြီးလမ်း (၄၈x၄၉)လမ်းကြားတွင် တည်ရှိသည့် စက်မှု-၂ ဈေးအတွင်း ၂၀၁၃ ခုနှစ်တွင် မြင့်မိုရ်ဦးကုမ္ပဏီမှ ဆောက်လုပ်၍ ရောင်းချခဲ့သည့် ပျံကျရုံ(၆)ရုံရှိ (၅'x၆') ဆိုင်ခန်းနေရာပေါင်း (၈၉၄)ခန်းအနက်မှ ယခုအချိန်အထိ ဈေးဖွင့်လှစ်ရောင်းချခြင်းမရှိသည့် ဆိုင်ခန်း(၆၉၅)ခန်းရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ယခုအခါ အဆိုပါ ဈေးသည်များနေရာပြည့်ထွက်ရှိခြင်းမရှိသဖြင့် ဆိုင်နေရာများ လစ်ဟာနေခြင်း၊ ဈေးစည်ကားဖွံ့ဖြိုးမှုမရှိခြင်းနှင့် အခွန်အခများ မရရှိခြင်းတို့ကြောင့် အဆိုပါဆိုင်ခန်းပိုင်ရှင်များအနေဖြင့်(၁၂-၁-၂၀၂၅)ရက်နောက်ဆုံးထား၍ ဈေးနှင့်သား သတ်ဌာနသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ရန်နှင့်လာရောက်ဆက်သွယ်၍ ဈေးရောင်းချခြင်းမရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးစကော်မတီ၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကော်မတီပိုင်ဆိုင်နေရာများအဖြစ် သိမ်းယူပြီး ဈေးဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန**
**မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းကျေးရွာ၊ ရောင်ခြည်ဦး (၁)လမ်းနေ မပွင့်ဖူးဝေ၏မိခင် ဒေါ်မာအေးနှင့် ဒေါ်တင်မာအေး (၁၀/ကထန(နိုင်) ၀၈၀၄၀၃)မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မာအေး(ခ)ဒေါ်တင်မာအေး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အထက-ညောင်ခါးရှည် G-3 (C) မှ မဆုပြည့်သဇင်၏ ဖခင်အမည် မှန်မှာ ဦးမောင်ဆွေ ဖြစ်ပါကြောင်း။

**ဦးမောင်ဆွေ**
**၃/ကကရ(နိုင်)၁၆၄၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

မိတ္ထီလာမြို့၊ ပြည်သာယာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၉-က/မူလပြည်သာယာ)၊ ဦးပိုင်အမှတ်(၁၈၄)၊ မြေကွက်အမှတ်(၁၈၇)၊ မြေဧရိယာ(၀.၀၈၀)ဧကရှိ မြေကွက်သည် ဒေါ်မြမြသိန်း အမည်ဖြင့် (၂-၁၀-၂၀၀၁)မှ (၁-၁၀-၂၀၂၀)အထိ နှစ်(၃၀)ဂရန်ရရှိထားသောမြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား (၂၃-၁၀-၂၀၂၄ )ရက်နေ့တွင် ဒေါ်မြမြသိန်း( ကိုယ်စား ) မိတ္ထီလာမြို့နယ်တရားရုံး၊ ဘီလစ်စာရေး ဒေါ်ယဉ်ယဉ်ထွေးထံမှ ဦးသက်နိုင်ဦးက မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီးနောက် ဦးသက်နိုင်ဦး ၉/မဟမ(နိုင်) ၀၁၈၁၆၅မှ မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်လိုသူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

မိတ္ထီလာမြို့၊ ပြည်သာယာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၁၉-ဃ/မူလပြည်သာယာ)၊ ဦးပိုင်အမှတ်(၆၀)၊ မြေကွက်အမှတ်(၆၀)၊ မြေဧရိယာ(၀.၀၈၀)ဧကရှိ မြေကွက်သည် ဒေါ်စန္ဒာမျိုးမြင့် အမည်ဖြင့် (၁၅-၁-၁၉၉၉)မှ (၁၄-၁-၂၀၂၉)အထိနှစ်(၃၀)ဂရန်ရရှိထားသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေနှင့်အဆောက်အအုံအား (၁၄-၁၀-၂၀၂၄)ရက်တွင် ဒေါ်စန္ဒာမျိုးမြင့် (ကိုယ်စား)မိတ္ထီလာတရားရုံး၊ ဘီလစ်စာရေး ဒေါ်ယဉ်ယဉ်ထွေးထံမှ ဒေါ်ယုယုဝင်းပါ(၃)ဦးတို့က မှတ်ပုံတင်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီးနောက် ဒေါ်ယုယုဝင်း (၉/မထလ(နိုင်)၁၉၆၅၉၅)၊ ဦးဝေယံမင်းသွင် (၉/မထလ(နိုင်)၂၅၁၇၀၉)၊ ဒေါ်ကျော့ယမင်းသွင် (၉/မထလ(နိုင်)၃၂၃၈၉၁)တို့မှ မြေငှားဂရန် အမည်ပြောင်း လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်လိုသူမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက် မည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မိတ္ထီလာခရိုင်**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7R/5050,Chevrolet Malibu ယာဉ်လက်ဝယ်ရှိသူ U Kyaw Kyaw Oo ၁၂/လမတ(နိုင်)၀၃၂၉၄၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၃၈၄၅, Honda Click 150, M/C ယာဉ် လက်ဝယ်ရှိသူ ဒေါ်မာလာဝင်း ၆/မမန(ပြု) ၀၀၀၇၇၇ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

